# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၄၉)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကုန်းမြင့်ယာမြေနှင့်ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများ တိုင်းမှူးဗိုလ်မှူးချုပ်အောင်သန်းထွင့် ကြည့်ရှုစစ်ဆေး စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးမှာကြား

**နေပြည်တော် စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်သည် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်လှမြင့်နှင့်တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက လားရှိုးမြို့ နားဖကျေးရွာအနီး အမှတ်(၃)ကုန်းမြင့်ယာမြေရှိ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်၏ခြံစည်းရိုးကြက်ဆူပင် စံပြဧက ၁၀၀၀ စိုက်ခင်းသို့ သွားရောက်၍ စိုက်ခင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုနှင့် ပျိုးဥယျာဉ်အတွင်း၌ ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စိုက်ခင်းရှင်းလင်းဆောင်၌ နှင်းနှင်းခိုင်ကုမ္ပဏီမှ စိုက်ပျိုးရေးတာဝန်ခံ ဦးကျော်ကျော်က ခြံစည်းရိုးကြက်ဆူပင်နှင့်

*စာမျက်နှာ ၉ ကော်လံ ၁* ❐



### အင်ကြင်းသပိုး ရေလှောင်တမံ စီမံကိန်း

**စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အင်ကြင်းသပိုး ရေလှောင်တမံ စီမံကိန်းတွင် ပါဝင်သည့် အကျယ် ၂၅ပေ၊ အလျား ပေ ၃၀၀၀ ရှည်သည့် မြေသားမြောင်း အမျိုးအစား ရေပိုလွှဲ တည်ဆောက်ပြီးစီးမှု မြင်ကွင်းကို ဤသို့ တွေ့ရသည်။**

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

## စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်ရှိ အင်ကြင်းသပိုးရေလှောင်တမံ လယ်မြေ ၂၆၈ ဧကကို အကျိုးပြုပြီး သောက်သုံးရေဖူလုံမည့်အပြင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကိုပါ များစွာအထောက်အကူပြု

**ရန်ကုန် စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်သည် တစ်နှစ်ပတ်လုံး ပျမ်းမျှမိုးရေချိန်လက်မ၄၅ဝခန့်သာရွာသွန်း၍ ပူပြင်းခြောက်သွေ့သော ဒေသဖြစ်သဖြင့် အင်ကြင်းသပိုးကျေးရွာအတွင်း စိုက်ကွင်းများ စိုက်ပျိုးရေဖူလုံစွာရရှိရေးနှင့် ဒေသစိမ်းလန်းစိုပြည်စေရေးအတွက် အင်ကြင်းသပိုးရေလှောင်တမံစီမံကိန်းကို ၂၀၀၅ခုနှစ် ဇူလိုင်လမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

**ရည်ရွယ်တည်ဆောက်ခဲ့**

အင်ကြင်းသပိုးရေလှောင်တမံစီမံကိန်းကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်၏ အနောက်တောင်ဘက် အင်ကြင်းသပိုးကျေးရွာ၏ မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ဆောက်လျက်ရှိပြီး ကမ်းပါးနီချောင်းရှိ ဧရိယာ ၁၂၆၈ ဧက ခန့်စိုက်ကွင်းများ ရေပေးရန်၊ စီမံကိန်းပတ်ဝန်းကျင်ကျေးရွာများ စိမ်းလန်းစိုပြည်ပြီး လူနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သောက်သုံးရေဖူလုံစွာရရှိရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✳

**သတင်းဆောင်းပါး ကျော်စိန် ဓာတ်ပုံမှတ်တမ်း သိန်းဝင်းလေး (မြန်မာ့အလင်း)**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

# စားသုံးဆီဖူလုံရေး အထွက်ကောင်းမြေပဲမျိုးများ တိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပေါ် တည်မှီလျက်ရှိသည်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးမြေဧရိယာ တိုးချဲ့ပြီး သီးနှံတစ်ဧကအထွက်နှုန်းတိုးရေးအတွက်

- သုတေသနပြုဖော်ထုတ်ရရှိပြီး ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုခြင်း၊
- သီးနှံအလိုက်လိုအပ်သော မြေဩဇာပြည့်ဝစွာ အသုံးပြုခြင်း၊
- သီးနှံရောဂါ ပိုးမွှားနှိမ်နင်းရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ခြင်း၊
- သီးနှံအလိုက် စိုက်ပျိုးရေးနည်းပညာရပ်များကို သုံးသပ်ဆောင်ရွက်ခြင်း

ဟူသော ခေတ်မီစိုက်နည်းစနစ်နှင့် နည်းပညာများကို အသုံးပြုလုပ်ဆောင်လျက်ရှိသည်။

ပြည်တွင်းဆီစားသုံးမှုမှာ လူတစ်ဦးလျှင် တစ်နှစ်ပျမ်းမျှ ခြောက်ပိဿာခန့်ရှိရာ နိုင်ငံလူဦးရေအတွက် စားသုံးဆီပိဿာ ၃၂၄သန်းခန့် လိုအပ်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း စားသုံးဆီဖူလုံရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်း၊ ဆူးပန်းနှင့် ပဲပုပ်တို့ကို စိုက်ပျိုးလျက်ရှိရာ ဆီပိဿာ သန်း၃၀၀ကျော် ထွက်ရှိနေသည်။ ထို့အပြင် တနင်္သာရီတိုင်း၌ ဆီအုန်းဧကငါးသိန်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

၂၀၀၅-၂၀၀၆ခုနှစ်က မိုးမြေပဲဧက ခုနစ်သိန်းကျော်နှင့် ဆောင်းမြေပဲဧက ၁၀သိန်းကျော် စိုက်ပျိုးခဲ့ရာ တင်းသိန်းပေါင်း၉၀၀ကျော် ထွက်ရှိခဲ့သည်။

ယခုအခါ စိုက်ပျိုးရေးသုတေသနဌာနများမှ အထွက်ကောင်းမြေပဲမျိုးများ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးသကဲ့သို့ တောင်သူများကလည်း တိုးချဲ့စိုက်ပျိုးနေကြပြီဖြစ်သည်။ စိုက်ပျိုးရေးနည်းပညာ ပြောင်းလဲ၍ တစ်ဧက အပင်အရေအတွက် ပြည့်မီစွာစိုက်ပျိုးပြီး မြေပဲတောင့်အောင်မြင်စေမည့် ကျောက်မှုန့်မြေဩဇာများသုံးစွဲကာ ပိုးမွှားရောဂါ ပိုမိုကာကွယ်လာနိုင်ခြင်းတို့ကြောင့် မြေပဲအထွက်နှုန်း နှစ်စဉ်တိုးတက်လာလျက်ရှိသည်။

မြေပဲဆီသည် ကျန်းမာရေးအတွက် စားသုံးရန် သင့်တော်သည့်အပြင် ဘက်စုံသုံးစွဲနိုင်ခြင်း၊ လူတိုင်းကြိုက်နှစ်သက်စွာ ပိုမိုစားသုံးလာခြင်းတို့ကြောင့် အကျိုးဖြစ်ထွန်းမှုများသဖြင့် မြေပဲကို ပိုမိုတိုးချဲ့ စိုက်ပျိုးလျက်ရှိကြသည်။ တောင်သူများအနေဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဖြန့်ဖြူးသည့် အထွက်ကောင်းမြေပဲမျိုးများကို အသုံးပြုတိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

# စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးတွင် အမျိုးသမီးရေးရာအဖွဲ့များ၏ အခန်းကဏ္ဍဟောပြော ကျောင်းပညာရေးနှင့် ပြင်ပပညာရေး ဆောင်ရွက်ချက်ရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၁၆

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးဆိုင်ရာ ဟောပြောပွဲကို ယမန်နေ့နံနက် ၁၀နာရီက ရွှေပြည်သာမြို့နယ် စက်မှုဇုန်ရှိ ကနောင်ခန်းမ၌ ကျင်းပသည်။**

### တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်မင်းသက်မွန်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးသိန်းနိုင်၊ ရန်ကုန်မြောက်ပိုင်းခရိုင် ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာမများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေး လုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါ်မင်းသက်မွန် ဟောပြောဆွေးနွေးစဉ်။ (ပညာရေးသုတေသန)**

### ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်မင်းသက်မွန်က စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးတွင် အမျိုးသမီးရေးရာ အဖွဲ့များ၏ အခန်းကဏ္ဍကို ဟောပြောဆွေးနွေးပြီး ပညာရေးလုပ်ငန်းအဖွဲ့ခွဲ၏ လုပ်ငန်းတာဝန်များ၊ ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးဆိုင်ရာများတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များနှင့် ကူညီပံ့ပိုးပေးမှုများကို ရှင်းလင်းပြောကြားသည်။

### ဟောပြောဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်စီစီအေးက စာတတ်မြောက်ရေးနှင့် စဉ်ဆက် ပညာရေးဆိုင်ရာအကြောင်းကိုအကျယ်တဝင့် ဟောပြောဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောအောင်က ရပ်ရွာပညာပဒေသာဌာန ဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

### စာဖတ်ဝိုင်းများဖွင့်လှစ်

ထိုမှတစ်ဆင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် အဖွဲ့သည် ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်း၌ ရွှေပြည်သာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်ထားသောစာဖတ်ဝိုင်းများသို့ရောက်ရှိရာ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်မေသဇင်တို့က စာဖတ်ဝိုင်းများ ဖွင့်လှစ်ပေးမှုများကို ရှင်းလင်းတင်ပြကြသည်။

### အားပေးစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် အဖွဲ့ဝင်များက စာသင်သားများအား တွေ့ဆုံ၍ သင်ကြားတတ်မြောက်မှု အခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

၁၇-၉-၂၀၀၆
(တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် ရှေးအတိတ်ကံအစွမ်းကြောင့် ဖြစ်ပေါ်လာ

**နေ့လယ်ပိုင်း**

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"တိုက်ကွမ်ဒိုသူရဲကောင်း"**
၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀ ၆။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ ၈။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၃။ လျှပ်တစ်ပြက်
၆း၄၅ ၁၄။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံယောဇဉ်"** (အပိုင်း-၁၈)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ English Premier League ဘောလုံးပွဲ Manchester United Vs Arsenal

**မိခင်ကြီး ဒေါ်လှဝင်း အားရည်စူး၍ ဖခင်ကြီးဦးသိန်းမြင့်ကို အမှူးထားပြီး သမီး မမြင့်မြင့်ဝင်းက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့်လက်ခံယူစဉ်။** (က-ပ)



**❒ ကျော်ဖုံးမှ**

အဆိုပါ လက်မှတ်ရေးထိုးချုပ်ဆိုပွဲသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Roman V.Svistin၊ JSC Zarubezhneft မှ ကိုယ်စားလှယ် Mr. Alexander Ostrovskiy ၊ Itera Oil and Gas Company ၏ Director of Department for International Projects နှင့် Sun Group ၏ ကိုယ်စားလှယ် Mr. Andrey Lepikhin နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အမှာစကား**

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကား ပြောကြားပြီး Itera Oil and Gas Company ၏ Director of Department for International Projects နှင့် Sun Group ၏ ကိုယ်စားလှယ် Mr. Andrey Lepikhin၊ JSC Zarubezhneft မှ ကိုယ်စားလှယ် Mr. Alexander Ostrovskiy နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်တို့က အမှာစကားပြောကြားကြသည်။

**အပြန်အလှန်လဲလှယ်**

ထို့နောက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ JSC Zarubezhneft မှ ကိုယ်စားလှယ် Itera Oil and Gas Company ၏ Director of Department for International Projects နှင့် Sun Grop ၏ ကိုယ်စားလှယ်နှင့် အသိသက်သေအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကိုလည်းကောင်း အသီးသီးပေးအပ်ကြရာ Itera Oil and Gas Company ၏ Director of Department for International Projects နှင့် Sun Group ၏ ကိုယ်စားလှယ်က လက်ခံသည်။

**အကျိုးတူ**

ယင်းလက်မှတ်ရေးထိုးချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်သည် မုတ္တမ ကမ်းလွန်ဒေသရှိ လုပ်ကွက်အမှတ် (M-8) အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး အခြေခံဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**✡ ကျော်ဖုံးမှ**

ယင်းနောက် ရှင်းလင်းဆောင်၌ စက်ရုံတာဝန်ခံ ဦးဉာဏ်လင်းက စက်ရုံသမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ဘိလပ်မြေစက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးကောင်းမွန်သော ဘိလပ်မြေများထုတ်လုပ်နိုင်ရေး ဂရုပြုကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ပင်လောင်းမြို့နယ် ထိယွန်းကျေးရွာရှိ ပင်လောင်းမြို့နယ်၏ စံပြခြံစည်းရိုးကြက်ဆူပင် ၁၁ ဧက စိုက်ခင်းသို့ သွားရောက်၍ စိုက်ခင်းအတွင်း ပေါင်းသင်မြက်ရှင်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လိန်းလီကျေးရွာ ပျဉ်းမနား–ပင်လောင်းလမ်း မိုင်တိုင် (၄၇/၂)ရှိ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၉)မှ တာဝန်ယူတည်ဆောက်နေသော လိန်းလီတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ အကြိုအင်ဂျင်နီယာလုပ်ငန်းနှင့် ချဉ်းကပ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အဆိုပါ တံတားသည် အရှည်ပေ ၁၇၄၀၊ အကျယ် ပေ ၃၀ နှင့် သံမဏိ သံပေါင်ကြိုးတံတားအမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

**မှာကြားဖြည့်ဆည်း**

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးသည် ပျဉ်းမနား–ပင်လောင်းလမ်း မိုင်တိုင်(၄၅/၃) နှင့် (၄၆/၀) ကြားလမ်း လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မိုင်တိုင် (၄၁/၅)နှင့် (၄၁/၆) ကြား စက်ယန္တရားများဖြင့် လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လမ်းဖောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပျဉ်းမနား–ပင်လောင်းလမ်း တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးဌေးလွင်က ပျဉ်းမနား–ပင်လောင်းလမ်း လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၀၆ခုနှစ် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၆ ခုနှစ် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲကို နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်များတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား**ခတ**ပြိုင်ပွဲ အမျိုးအစားအနေဖြင့် တစ်ဦးချင်းနှင့် အသင်းလိုက် ပါဝင်မည်ဖြစ်ပြီး၊ **ကုမိတဲ**ပြိုင်ပွဲအမျိုးအစားအနေဖြင့် ၅၅ ကီလိုနှင့်အောက်၊ ၆၀ ကီလိုနှင့်အောက်၊ ၆၅ ကီလိုနှင့်အောက်၊ ၇၀ ကီလိုနှင့်အောက်၊ ၇၅ ကီလိုနှင့်အောက်၊ ၇၅ ကီလိုအထက်နှင့် အသင်းလိုက်ပြိုင်ပွဲ အမျိုးအစားများ ပါဝင်မည်ဖြစ်သည်။

**ပြိုင်ပွဲအမျိုးအစား**

အလားတူ အမျိုးသမီး **ခတ**ပြိုင်ပွဲ အမျိုးအစားအနေဖြင့် တစ်ဦးချင်းနှင့် အသင်းလိုက် ပါဝင်မည်ဖြစ်ပြီး၊ **ကုမိတဲ**ပြိုင်ပွဲအမျိုးအစားအနေဖြင့် ၄၈ ကီလိုနှင့်အောက်၊ ၅၃ ကီလိုနှင့်အောက်၊ ၆၀ ကီလိုနှင့်အောက်၊ ၆၀ ကီလိုအထက်နှင့် အသင်းလိုက်ပြိုင်ပွဲအမျိုးအစားများ ပါဝင်မည်ဖြစ်သည်။

တစ်ဦးချင်း **ခတ**ပြိုင်ပွဲအမျိုးအစားနှင့် ကိုယ်အလေးချိန်တန်းအလိုက် **ကုမိတဲ**ပြိုင်ပွဲအမျိုးအစားများတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ကလပ်အသင်းတစ်ခုလျှင် တစ်ဦးစီသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး၊ အသင်းလိုက်ပြိုင်ပွဲအမျိုးအစားများတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ကလပ်အသင်းတစ်ခုလျှင် တစ်သင်းစီသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

**စာရင်းပေးသွင်းနိုင်**

အဆိုပါပြိုင်ပွဲအတွက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် ဆက်သွယ်ထားသည့် ကရာတေးဒိုကလပ်အသင်းများ၊ ဝန်ကြီးဌာနအသင်းများသည် နိုဝင်ဘာ ၁၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်း (ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ဖုန်း–၃၇၉၉၃၉)ထံသို့ ရုံးချိန်အတွင်း အမည်စာရင်း ပေးသွင်းနိုင်ကြသည်။ **(မြန်မာ့အလင်း)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဆက်ကျင်းပ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများ ယှဉ်ပြိုင်

**ရန်ကုန် စက်တင်ဘာ ၁၆**

၂၀၀၆ ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက် ၂၁ နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု ရတခဇုန်(မော်လမြိုင်) ရာမညအားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း၊ (ခ) အုပ်စု နတခဇုန်(ပုသိမ်) ဧရာဝတီတိုင်းအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ခုနစ်ဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ) နမခအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး) ဗထူးအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းက တြိဂံဒေသတိုင်း စစ်ဌာနချုပ်အသင်းကို ဆယ်ဂိုး–လေးဂိုးဖြင့်လည်းကောင်း၊ (င)အုပ်စု တပခဇုန်(တောင်ငူ) တပခအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**✳ ကျော်ဖုံးမှ**

ရင်း(၅၁၈)မှ တပ်ကြပ်ကြီးအဆင့်ရှိ ကျကော၊ တပ်သား ကျထီးနှင့် လှော်ကားတို့သည် ပစ္စတိုတစ်လက်၊ ကာဘိုင်တစ်လက်၊ ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည်အတောင့် ၂၀၊ မိသားစုဝင် ခြောက်ဦးတို့ဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ၌ အက်စ်အက်စ်အေ(ရွက်ဆစ်)တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားစိုင်းလိတ်(ခေါ်)ဝိလိန်နှင့် စိုင်းထွန်းစိန်တို့သည်လည်းကောင်း၊ ကေအင်န်ပီပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဒုတိယမြို့နယ်မှူးအဆင့်ရှိ နေမင်းအောင်(ခေါ်) လောဒူသည် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည်ခြောက်တောင့်၊ လက်ပစ်ဗုံးတစ်လုံးနှင့် လမ်းလျှောက်စကားပြောစက်တစ်လုံးတို့ဖြင့်လည်းကောင်း၊ တပ်သား လင်းလင်းဦးသည် အေကေ ၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည် ၁၀၄ တောင့်ဖြင့်လည်းကောင်း၊ တပ်သား ရီးရယ်သည် တစ်လုံးထိုး သေနတ်တစ်လက်၊ ၎င်းကျည် ငါးတောင့်တို့ဖြင့်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ၌ ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၆)ဌာနချုပ်မှ တပ်ကြပ်အဆင့်ရှိ ရာဆင်သည် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်လေးတောင့်တို့ဖြင့်လည်းကောင်း၊ ရင်း(၁၆)မှ ဒုတိယဗိုလ်အဆင့်ရှိ စောစိုးသန်း၊ တပ်သား စောကပေါ်ယူ၊ စောအောင်ကြည်၊ စောအောင်နိုင်ထွန်း၊ စောဖိုးထစ်နှင့် ဇော်ထိုက်၊ တပ်မဟာ(၇) ရင်း(၁၉)မှ ဗိုလ်မှူးအဆင့်ရှိ စောအောင်ချစ်ထွန်း၊ ဒုတိယဗိုလ်အဆင့်ရှိ စောမီးခဲနှင့် စောကျော်ကျော်အောင်၊ တပ်ကြပ်ကြီးအဆင့်ရှိ စောကူးကူး၊ တပ်သား အောင်ဇော်ဝင်း၊ စောလှအေး၊ ကျော်ကျော်၊ မြင့်တင်၊ မြသိန်း၊ စောနေဆေး၊ ကျော်တင့်၊ စောဝင်းအောင်၊ စောသန်းဝင်း၊ စောခိုင်ထူး၊ စောဖိုးတာ၊ စောကော်ကိုထူး၊ ခင်မောင်ဝင်း၊ စောစိုးမိုး၊ စိုးမင်းထွေး၊ စောအထွင့်နှင့် ဖားခါး၊ တပ်မဟာ(၇)လက်နက်ကြီးတပ်ခွဲမှ ဗိုလ်အဆင့်ရှိ စောဒီးဝါး၊ ရင်း(၁၀၁)မှ တပ်သားညွန့်သန်းနှင့် စောကျော်မင်း၊ ဒီအိုရင်း(၅)မှ တပ်သား စောဝါးလေး၊ ကျော်စော၊ ဘားအံခရိုင်အုပ်ချုပ်ရေးအဖွဲ့မှ ပဒိုကျော်ဦးနှင့် ပဒိုစောခလိန်း၊ ဗဟိုဌာနချုပ်မှ တပ်သား စောအောင်ကျော်တို့သည် ပစ္စတိုသုံးလက်၊ ဘီအေ၆၃ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အမ် ၁၆ မောင်းပြန်ရိုင်ဖယ်သုံးလက်၊ အေကေ ၄၇ မောင်းပြန်ရိုင်ဖယ်ခြောက်လက်၊ ကာဘိုင်ခုနစ်လက်၊ ရိုင်ဖယ်တစ်လက်၊ စိန်ပြောင်းတစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၉ ခု၊ ကျည်မျိုးစုံ ၉၄ တောင့်၊ ဗုံးသီးခုနစ်လုံး၊ လက်ပစ်ဗုံးသုံးလုံး၊ လမ်းလျှောက်စကားပြောစက်သုံးလုံး၊ မိသားစုဝင် ၇၉ဦးတို့ဖြင့်လည်းကောင်း၊ ပီဒီအက်ဖ်တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သား ဖိုးအောင်(ခေါ်)အောင်လွင်၊ ရာဇာနေဝင်း(ခေါ်)ရာဇာ၊ ရဲနိုင်(ခေါ်)ကတုံးစိန်နှင့် ရဲနောင်(ခေါ်)ငရဲတို့သည်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၌ ကေအင်န်အေတောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားကပ်လျှန်ခုတ်သည် လက်ပစ်ဗုံးတစ်လုံးဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေ၌ ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၄) အထူးတိုက်ခိုက်ရေးတပ်ခွဲမှ တပ်ကြပ်အဆင့်ရှိ စောသာကီးကီး၊ ဒုတိယတပ်ကြပ်အဆင့်ရှိ စောဂါးတို့နှင့် တပ်သား စောဂျူးအောင်တို့သည် အမ်(၁၆) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်နှစ်တောင့်၊ မိုင်းတစ်လုံးတို့ဖြင့်လည်းကောင်း အသီးသီးလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။



**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် မိခင်ကြီး ဒေါ်သုနန္ဒီနှင့် ဦးကလူးဝါးတို့အား ရည်စူး၍ ဒေါ်ညွန့်ညွန့် မိုးညှင်းယောဂီ မိသားစုတို့က ဒုတိယအကြိမ် အလှူငွေကျပ်သုံးသိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးကြီးဘုန်းမြင့် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# အသည်းရောင်အသားဝါရောဂါ ကုသမှုဆိုင်ရာဆေးပညာဟောပြောပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ဝင်းမြန်မာ ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသော အသည်းရောင်အသားဝါရောဂါကုသမှုဆိုင်ရာ ဆေးပညာဟောပြောပွဲကို ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ **(အောက်ပုံ)** ကျန်းမာရေးဦးစီးဌာန အောက်ရှိ ဆရာဝန်ကြီးများ၊ တာဝန်ခံဆရာဝန်များ၊ အသည်းရောင်အသားဝါရောဂါအထူးကု ဆရာဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စင်ကာပူသမ္မတနိုင်ငံရှိ Parkway Group Healthcare Pte. Co., Ltd.မှ အသည်းရောင်အသားဝါရောဂါ အထူးကုဆရာဝန်ကြီး Dr. Chong Roland က အသည်းရောင်အသားဝါ Bနှင့်Cကုသမှုဆိုင်ရာ ဆေးပညာများ အကြောင်းကိုလည်းကောင်း၊ PGH Pte. Co., Ltd. အောက်ရှိဆေးရုံများ၏ ဆေးဝါးကုသမှုဆိုင်ရာများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ၎င်းတို့၏ မြန်မာပြည်ရုံးခွဲဖြစ်သော ဝင်းမြန်မာ ကုမ္ပဏီလီမိတက်နှင့် ဆက်သွယ်နိုင်ကြောင်းကိုပါ ရှင်းလင်းပြောကြားကာ ဟောပြောပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အရှင်ကောသလ္လ၏ ဓမ္မသဘင်

**ရန်ကုန် စက်တင်ဘာ ၁၆**

ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ ဓမ္မာစရိယ၊ M.A (Buddhism) သည် စက်တင်ဘာ ၂၁ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဘာဝနာလမ်း ဟံသာဝတီကမ္မဋ္ဌာန်းကျောင်း ဓမ္မာရုံ၌ တရားဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

အဆိုပါ လများအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ စုစုပေါင်း ၅၃ ဦးနှင့် မိသားစုဝင် ၈၅ ဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန်ရှိနေသေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဂျပန်နိုင်ငံ၌ ကာမာတိုဟွန်ဂို အမည်ရှိ အသက်ရာကျော်အဘွားတစ်ဦးကို စက်တင်ဘာ ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အသက်ရာကျော်အဘိုးအဘွား ဂျပန်၌တိုးပွား

**တိုကျို စက်တင်ဘာ ၁၆**

ဂျပန်နိုင်ငံ၌ အသက်ရာကျော် အဘိုးအဘွားအရေအတွက် စံချိန်တင်များပြားလာခဲ့ရာ ယခင်လကုန်ပိုင်း အထိ ၂၈၃၉၅ ဦးရှိလာကြောင်း၊ ယင်းမှာ ၁၉၇၁ ခုနှစ်မှစ၍ ၃၆နှစ် ဆက်တိုက် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်ကျန်းမာရေးအလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနက စက်တင်ဘာ ၁၅ရက်တွင် ပြောကြားသည်။

**ဖော်ပြ**

ထိုအသက်ရာကျော် ဘိုးဘွား အရေအတွက်မှာ ယမန်နှစ်က ၂၈၄၁ ဦး ရှိရာမှ တိုးတက်လာခြင်းဖြစ်ကြောင်း အဆိုပါနှစ်ပတ်လည်စာရင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

ဂျပန်လူမျိုး ၁၀၀၀၀၀ လျှင် အသက်ရာကျော် အဘိုးအဘွား ၂၀ ကျော်ရှိလာကြောင်း၊ လူ ၄၅၀၀ ရှိတိုင်း တစ်ဦး အသက်ရာကျော် ရှိလာကြောင်း ၎င်းဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြသည်။

**အသက်ကြီးဆုံး**

ဂျပန်နိုင်ငံ ဖူကူအိုကာစီရင်စု ဖူကူချီမြို့နေ ယုန်းမီနာဂါဝါဆိုသော အမျိုးသမီးသည် အသက် ၁၁၃ နှစ်ရှိပြီး ဂျပန်နိုင်ငံ၏ အသက်ကြီးဆုံးဖြစ်ပြီး မီယာဇာကီစီရင်စု မီယာကိုနိုဂျိုမြို့နေ တိုမိုဂျီတာနာဘေဆိုသော အမျိုးသားသည် အသက် ၁၁၁နှစ်ရှိပြီး ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံး အဘိုးဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်၌ ငါးထပ်အဆောက်အအုံမီးလောင်

**ဟူကျို့ စက်တင်ဘာ ၁၆**

တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် စီးပွားရေးဆိုင်ရာအဆောက်အအုံတစ်ခု စက်တင်ဘာ ၁၄ ရက်က မီးလောင်မှုဖြစ်ပွားရာ သေဆုံးသူ ၁၄ ဦးအထိ ရှိနိုင်ကြောင်း ကယ်ဆယ်ရေး အဖွဲ့ဝင်များက ပြောကြားသည်။

**မီးလောင်**

မီးလောင်မှုမှာ ဟူကျို့မြို့ ဝူကျင်းအရပ်ရှိ ငါးထပ်အဆောက်အအုံတွင် စက်တင်ဘာ ၁၄ ရက် နံနက် ၄ နာရီ မိနစ် ၃၀ က မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။

**ငြိမ်းသတ်**

မီးလောင်မှုကို မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများက အလျင်အမြန် မီးငြိမ်းသတ်ခဲ့မှုကြောင့် ထိုနေ့နံနက် ၁၁နာရီအချိန်၌ မီးငြိမ်းသွားခဲ့သည်။ သေဆုံးသူများကို အဆောက်အအုံအတွင်း ရှာဖွေနေဆဲဖြစ်သည်။

**ရှာဖွေ**

ထိုအဆောက်အအုံတွင် မီးလောင်စဉ်က လူ ၁၈ဦးရှိနေရာ နှစ်ဦးမှာ ပြတင်းပေါက်မှတစ်ဆင့် ကယ်ဆယ်နိုင်ခဲ့ပြီး ကျန်နှစ်ဦးမှာ အသက်ရှင်လျက် ယင်းအဆောက်အအုံ၌ ရှိမည် မရှိမည်ကို ချက်ချင်းမသိရသေးဟု ဆိုသည်။

**ပါရှိ**

ထိုအဆောက်အအုံသည် ဈေးဆိုင်များ၊ စတိုးဆိုင်များနှင့် ရုံးခန်းများ ပါရှိသော အဆောက်အအုံတစ်ခုဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**



တရုတ်နိုင်ငံ၌ စီးပွားရေး အဆောက်အအုံတစ်ခု မီးလောင်နေသည်ကို စက်တင်ဘာ ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# လက်ဘနွန်သို့အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များ အောက်တိုဘာလဆန်းတွင်စေလွှတ်မည်

ဂျကာတာ စက်တင်ဘာ ၁၆

**အင်ဒိုနီးရှားနိုင်ငံသည် လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် ကုလသမဂ္ဂ တပ်ဖွဲ့ဝင်များနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လာမည့်အောက်တိုဘာ အစောပိုင်း၌ တပ်ဖွဲ့ဝင်များစေလွှတ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဆူနာတိုအက်ဂျီခရိန်ပူထရာက စက်တင်ဘာ ၁၄ရက်က ပြောကြားသည်။**

အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များ စေလွှတ်မှုကို စက်တင်ဘာ ၂၀နှင့် စက်တင်ဘာ ၂၈ရက်အတွင်း စေလွှတ်ရန် စီစဉ်ထားသော်လည်း အောက်တိုဘာ ၁၀ ရက်၌ စေလွှတ်ရန် လောလောဆယ်ဆုံးဖြတ်ထားသည်ဟု ၎င်းက ပြောကြားသည်။

**တပ်ဖြန့်ချ**

ယခုကဲ့သို့ ရက်ရွှေ့ဆိုင်းမှုမှာလည်း လက်ဘနွန်ရှိ ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ၏ တောင်းဆိုမှုကြောင့်ဖြစ်ကြောင်းလည်း မိုဟာမက်ဆူနာတိုက ပြောကြားသည်။ လက်ဘနွန်တောင်ပိုင်းတွင် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ တပ်ဖြန့်ချမှုဆိုင်ရာ အနေအထားကြောင့် ဖြစ်သည်ဟု သိရသည်။

အင်ဒိုနီးရှားတပ်ဖွဲ့တွင် ကြည်းတပ်မှ ၆၅၂ဦး၊ ရေတပ်မှ ၂၇၃ဦး၊ လေတပ်မှ ၃၉ဦးနှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ စကားပြန် ၁၃ ဦးတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ငွေလိမ်လည်ထုတ်သူ ၂၃ဦး စပိန်ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီး

**မက်ဒရစ် စက်တင်ဘာ ၁၆**

စပိန်နိုင်ငံတွင် ဘဏ်စာရင်းအချက်အလက်များကို ခိုးယူပြီး အမေရိကန်ဒေါ်လာ ၂၆ သန်း လိမ်လည်ထုတ်ယူမှုဖြစ်ပွားရာ လိမ်လည်မှုနှင့်ဆက်နွှယ်သူ ၂၃ ဦးကို စက်တင်ဘာ ၁၄ ရက်က ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

**ပြုလုပ်ခဲ့**

ဘဏ်စာရင်းကိုင်က ဘဏ်ငွေစာရင်းများ အခိုးခံရကြောင်း အကြောင်းကြားပြီးနောက် ဇူလိုင်လမှ စတင်ပြီး စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားခဲ့သည်။

**အသုံးပြု**

လူလိမ်များသည် ဘဏ်တွင် အပ်နေကျ ဖောက်သည်၏ ငွေစာရင်းအချက်အလက်များ ခိုးယူရန်နှင့် အီလက်ထရွန်နစ် နည်းစနစ်ဖြင့် ဘဏ်စာရင်းကို သိရှိရန် အင်တာနက်ကို အသုံးပြုခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**




# ဘီအမ်ဒဗလျူကားပန်းချီပြပွဲ မလေးရှား၌ပြသ

**ကွာလာလမ်ပူ စက်တင်ဘာ ၁၆**

ဘီအမ်ဒဗလျူ မော်တော်ကား ထုတ်လုပ်ရေးအုပ်စုမှ ကမကထပြုလုပ်သည့် ကားပန်းချီပြပွဲတစ်ရပ်ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စက်တင်ဘာ ၁၅ ရက်မှ စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။

**ပြည်သူတို့အတွက်**

အဆိုပါ ဘီအမ်ဒဗလျူကားပန်းချီပြပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ပက်ထရိုနပ်အဆောက်အအုံရှိ ပြခန်းမကြီး၌ အများပြည်သူတို့အတွက် ခင်းကျင်းပြသမည်ဖြစ်ကြောင်း ဘီအမ်ဒဗလျူ၏ ဆက်သွယ်ရေးဆိုင်ရာ ညွှန်ကြားရေးမှူး ရစ်ချပ်ဂူလ်က စက်တင်ဘာ ၁၄ ရက်၌ ပြောကြားသည်။

**ပြသမည်**

အဆိုပါ ပြပွဲကို လာမည့်အောက်တိုဘာ ၂၂ ရက်မတိုင်မီနောက်ဆုံးထားကာ ခြယ်သထားသော ဘီအမ်ဒဗလျူကားဒီဇိုင်းများကို ပြသမည်ဖြစ်သည်။

**ပြောကြား**

ဘီအမ်ဒဗလျူ ကားပန်းချီပြပွဲကို စင်ကာပူ၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ တရုတ်၊ ရုရှား၊ တူရကီနှင့် အမေရိကန် တို့တွင် ပြသသွားမည်ဟု ရစ်ချပ်ဂူလ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



မလေးရှားနိုင်ငံ ကွာလာလမ်ပူ၌ ကျင်းပသော ဘီအမ်ဒဗလျူ ကားပန်းချီ ပြပွဲ၌ ပြသထားသော ကားတစ်စီးကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဟန်ဂေရီ-ယူကရိန်းနယ်စပ်၌ တရားမဝင်စီးကရက်များ ဖမ်းဆီး

**ဘူဒါပက် စက်တင်ဘာ ၁၆**

ဟန်ဂေရီ-ယူကရိန်း နယ်စပ်၌ တရားမဝင် စီးကရက်များ မှောင်ခိုရောင်းဝယ်မှုကို နယ်ခြားစောင့်ရဲအဖွဲ့က ဝင်ရောက် ဖမ်းဆီးခဲ့ရာ စုစုပေါင်း လေးကြိမ် ဖမ်းဆီးရမိမှုမှာ အမေရိကန်ဒေါ်လာ ၁၇၇၄၇၈ တန်ဖိုးရှိကြောင်း နယ်ခြားစောင့်တပ်ဖွဲ့ ပြောခွင့်ရ အမျိုးသမီးတစ်ဦးက စက်တင်ဘာ၁၃ရက်၌ ပြောကြားသည်။

**ဖမ်းဆီး**

ယင်းစီးကရက်များ ဝင်ရောက်ဖမ်းဆီးမှုမှာ လွန်ခဲ့သောလေးရက်က ယူကရိန်းနယ်စပ်အနီး စဆာဘောရစ်-စဇာမာဒေသ၌ ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း အဆိုပါပြောခွင့်ရအမျိုးသမီး ဂျူဒစ်ဂျက်ဆိုင်းက ပြောကြားသည်။

**ပြောကြား**

အများဆုံးဖမ်းဆီးမှုမှာ တာမြစ်အနီး ဟန်ဂေရီ ကုန်တင်ကားပေါ်မှ စီးကရက်ဖာ ၅၀၀၀၀ ဖြစ်ကြောင်း၊ နာဂေဆက်အရပ်၌လည်း ယူကရိန်းမှတ်ပုံတင်ထားသော ကားတစ်စီးပေါ်မှ စီးကရက်ဖာ ၁၄၀၀၀ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဘာရက်ဆူရာနီရွာ၌လည်း ဟန်ဂေရီနိုင်ငံသား သုံးဦးထံမှ စီးကရက်ဖာ ၁၀၀၀၀ ဖမ်းဆီးရမိကြောင်း အဆိုပါ အမျိုးသမီးက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



တရုတ်နိုင်ငံ ဘိုဟိုင်းပင်လယ်ပြင်၌ ရေနံတွင်းတူးစင်ကို စက်တင်ဘာ ၁၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)




# တရုတ်လယ်သမားများ ဗဟုသုတနှင့် နည်းပညာကြွယ်ဝရေး ငါးနှစ်အတွင်း ကျေးလက်စာကြည့်တိုက်နှစ်သိန်းထူထောင်မည်

ပေကျင်း စက်တင်ဘာ ၁၆

**တရုတ်နိုင်ငံသည် လာမည့် ငါးနှစ်အတွင်း ကျေးလက်ဒေသများ၌ လယ်သမားများအတွက် စာကြည့်တိုက်နှစ်သိန်း ထူထောင်ပေးရန် အစီအစဉ်တစ်ရပ်ကို စက်တင်ဘာ ၁၄ရက်က ကြေညာလိုက်သည်။**

အဆိုပါ စာကြည့်တိုက်အသီးသီးတွင် အနည်းဆုံးစာအုပ် ၁၀၀၀၊ မဂ္ဂဇင်း ၃၀၊ သတင်းစဉ်များနှင့် အော်ဒီယိုထုတ်ကုန်ပစ္စည်းများ ထားရှိပေးသွားမည်ဖြစ်ကြောင်း ပုံနှိပ်ထုတ်ဝေရေး ဒုတိယညွှန်ကြားရေးမှူး ရှုဘင်ဂျိကပြောကြားသည်။

**ထုတ်ပြန်**

တရုတ်နိုင်ငံသည် ၎င်းစာကြည့်တိုက်များထူထောင်ရေးအတွက် ၂၀၀၆ ခုနှစ်မှ ၂၀၁၀အထိ စီမံကိန်းတစ်ရပ် ထုတ်ပြန်ခဲ့သည်။

**ပူးပေါင်း**

ယင်းစီမံကိန်း အစီအစဉ်ကို တရုတ်ဗဟိုကော်မတီကွန်မြူနစ်ပါတီရုံးချုပ်နှင့် တရုတ်နိုင်ငံတော်ကောင်စီရုံးချုပ်တို့က ပူးပေါင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ကျေးလက်ဖွံ့ဖြိုးရေးထိပ်တန်းဦးစားပေးကဏ္ဍဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို ယွမ် လေးဘီလီယံ(အမေရိကန်ဒေါ်လာ ၅၀၆ သန်း)ရင်းနှီးမြှုပ်နှံ၍ ကျေးလက်ဒေသများ ပညာရေးမြှင့်တင်ရေး၊ သိပ္ပံနှင့်နည်းပညာ ဗဟုသုတတိုးပွားရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မျှော်လင့်**

လာမည့် ၁၀နှစ်အတွင်း တရုတ်နိုင်ငံရှိ ကျေးရွာတိုင်း ကိုယ်ပိုင်စာကြည့်တိုက်များထားရှိပေးနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# လေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရန် အရှေ့အလယ်ပိုင်း ငါးနိုင်ငံသဘောတူညီ

**နီကိုရှား စက်တင်ဘာ ၁၆**

အရှေ့အလယ်ပိုင်း ငါးနိုင်ငံသည် လေကြောင်းလုံခြုံရေး တိုးမြှင့်ရေးအတွက် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပေါ် သဘောတူညီချက် တစ်ရပ်ကို ဥရောပ အရှေ့အလယ်ပိုင်း လေကြောင်းစီမံခန့်ခွဲရေး ညှိနှိုင်းမှုအစည်းအဝေး၌ လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာမီဒီယာက သတင်းထုတ်ပြန်သည်။

**ပါဝင်**

ယင်းသဘောတူညီချက်ကို ဆိုက်ပရပ်စ်၊ အီဂျစ်၊ ဂျော်ဒန်၊ လက်ဘနွန်နှင့် ဆီးရီးယားနိုင်ငံတို့က ပါဝင် လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်သည်။

**ဆုံးဖြတ်**

ထိုသဘောတူညီစာချုပ်အရ အဆိုပါ ငါးနိုင်ငံတို့သည် အီးယူစီမံခန့်ခွဲမှုနှင့်လေကြောင်းကဏ္ဍတွင် လုံခြုံရေးစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ ဥရောပနှင့်အရှေ့အလယ်ပိုင်းဒေသ လေကြောင်းပျံသန်းပြေးဆွဲမှု လုံခြုံဘေးကင်းရေးအတွက် ဆောင်ရွက်ရန် ဆုံးဖြတ်ထားသည်။

**သဘောတူ**

ယင်းတို့သည် သတင်းပြန်ကြားရေးစနစ်တစ်ရပ် တပ်ဆင်ရေး၊ လေကြောင်းပျံသန်းပြေးဆွဲမှု ကွန်ရက်အပေါ် သတင်းအချက်အလက်များ ဖလှယ်ရေးအတွက်လည်း သဘောတူညီကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အင်ဒိုနီးရှားက လာမည့်အောက်တိုဘာ၌ ဂြိုဟ်တုလွှတ်တင်မည်

**ဂျကာတာ စက်တင်ဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်နေသော ကမ္ဘာ့အာကာသ နည်းပညာတွင် အင်ဒိုနီးရှားနိုင်ငံ ပါဝင်ကြောင်းပြသရန် လာမည့်အောက်တိုဘာ၌ အင်ဒိုနီးရှား၏ ပထမဆုံးဂြိုဟ်တုကိုလွှတ်တင်ရန် မျှော်မှန်းထားကြောင်း အင်ဒိုနီးရှားအမျိုးသား လေကြောင်းပျံသန်းမှုနှင့် အာကာသအေဂျင်စီ(လာပန်)က ပြောကြားသည်။

**ဖော်ပြ**

ဆူနာမီ၊ သစ်တောမီးလောင်မှု၊ မြေလျှောင်လှုပ်မှုနှင့် မီးတောင်ပေါက်ကွဲမှုများ အပါအဝင် သဘာဝဘေးဒုက္ခများကို သိရှိနိုင်ရန်အတွက် ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်းသို့ အသေးစားဂြိုဟ်တု လာပန်–ကျူ့ဆက်ကို လွှတ်တင်မည်ဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာတွင် စက်တင်ဘာ ၁၄ ရက်၌ ဖော်ပြသည်။

**ရိုက်ကူးပေးပို့**

အဆိုပါ ဂြိုဟ်တုတွင် ဗီဒီယိုကင်မရာ တစ်ခုလည်း ပါရှိသွားမည်ဖြစ်ရာ ထူးခြားသောရာသီဥတုနှင့် အဖြစ်အပျက်များကို ရုပ်ပုံများဖြင့် ရိုက်ကူးပေးပို့မည် ဖြစ်သည်ဟု လာပန်–ကျူ့ဆက် ဂြိုဟ်တုလွှတ်တင်ရေး အကြီးအကဲ အဒီဆာဒီဂူဆာလာတန်က ပြောကြားသည်။လာပန်ဂြိုဟ်တုကို ဂျာမနီနိုင်ငံတွင် တပ်ဆင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အလေးချိန် ၅၇ကီလိုဂရမ်ရှိကာ ကုန်ကျငွေ အမေရိကန် ဒေါ်လာတစ်သန်းခန့်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ၂၀၁၀ပြည့်နှစ်၌ တရုတ်နိုင်ငံမြို့တိုင်းတွင် မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းပြီးဖြစ်မည်

ကျီနန် စက်တင်ဘာ ၁၆

**တရုတ်နိုင်ငံ၌ လာမည့် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်းမြို့ပေါင်း ၃၇၀၀၀၌ မီးငြိမ်းသတ်သည့်တပ်ဖွဲ့များ ထူထောင်ပေးသွားရန် တရုတ်အစိုးရက အမိန့်ထုတ်ပြန်လိုက်သည်။**

**ဖွဲ့စည်းပြီး**

အဆိုပါမြို့များတွင် ၂၀၁၀ပြည့်နှစ်၌ အချိန်ပိုင်းမီးငြိမ်းသတ်သည့် တပ်ဖွဲ့များအနေဖြင့် ၉၅ရာခိုင်နှုန်း ဖွဲ့စည်းပြီး ဖြစ်ရမည်ဖြစ်သည်။

**ပြောကြား**

တရုတ်နိုင်ငံတွင် နှစ်စဉ် မီးလောင်ကျွမ်းမှု စုစုပေါင်း၏ ၆၀ရာခိုင်နှုန်းကျော်မှာ ကျေးလက်ဒေသများတွင်ဖြစ်ပြီး မီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးရမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုမှာလည်း ကျေးလက်ဒေသများ၌ ပိုများကြောင်း တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဒုတိယဝန်ကြီး လူကျင်ဂူက စက်တင်ဘာ ၁၃ရက်၌ ပြောကြားသည်။

**ဆောင်ရွက်**

တရုတ်နိုင်ငံအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံတစ်ဝန်း မြို့များ၌ အချိန်ပိုင်း မီးသတ်တပ်ဖွဲ့ဝင် သို့မဟုတ် အချိန်ပြည့်မီးသတ်တပ်ဖွဲ့ဝင် ၃၆၀၀၀၀ ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

**မီးလောင်ကျွမ်း**

တရုတ်နိုင်ငံတွင် မကြာမီနှစ်များမှစတင်၍ မီးလောင်ကျွမ်းမှုများ တိုးပွားပေါ်ပေါက်လာခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ကမ္ဘာ့အကြီးဆုံး လက်ထပ်ကိတ်



**ကမ္ဘာပေါ်တွင်အကြီးဆုံး လက်ထပ်ကိတ်ကြီးတစ်ခုကို ပြုလုပ်နေစဉ်။**
(ယာပုံ)

လန်ဒန်မြို့ ပြခန်းတစ်ခု၌ အမြင့် ၁၇ပေ၊ အလေးချိန် ၁၅၀၃၂ပေါင်ရှိသော အထပ်ခုနစ်ထပ်ပါရှိသည့် လက်ထပ်ကိတ်မုန့်ကြီးတစ်ခုကို ပြုလုပ်လျက်ရှိသည်။ ၎င်းကိတ်မုန့်ကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ကိတ်မုန့်ကြီးအဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်မည်ဖြစ်သည်။ **(အင်တာနက်)**

## ကမ္ဘာ့ အကြီးဆုံး ချောကလက်




**ကမ္ဘာပေါ်တွင် အကြီးဆုံး ချောကလက်တစ်ခုကို တွေ့ရစဉ်။**
(ဝဲပုံ)

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ပြုလုပ်ပြသထားသော အသည်းပုံချောကလက်ကြီး တစ်ခုမှာ အလေးချိန် ခုနစ်မက်ထရစ်တန်ရှိကြောင်း၊ ထိုချောကလက်ကြီး၏ ဒီဇိုင်းပညာရှင်မှာ အယ်လူရစ်မိုရီရာဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်းမှ ဆရာဝန်များက ကျောင်းသားကျောင်းသူများအား သွားနှင့်ခံတွင်းဆိုင်ရာ စစ်ဆေးကုသနေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



မိဘများနှင့် ငွေပန်းထိမ် ဦးညီလေး၊ သား ဦးမင်းအောင်တို့အား ရည်စူး၍ ရန်ကုန်မြို့ ရန်ကင်း ဘောက်ထော် စွန်းလွန်းဂူကျောင်းလမ်း အမှတ်(၁)နေ ဒေါ်အုန်းကြည်၊သမီး ဒေါ်မြင့်မြင့်၊သားကိုအောင်ကျော်ဦး-မခင်မျိုးမြင့်၊ ဒေါက်တာခင်ဝင်း - ဒေါ်ခင်ညိုဝင်း (ခေတ္တ-ဂျပန်) မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဘဏ္ဍာတော်ထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် သွားဘက်ဆိုင်ရာဆရာဝန်အသင်းပူးပေါင်း သွားနှင့်ခံတွင်းကျန်းမာရေးပညာပေး၊ သက်ငယ်အဖွဲ့ဝင် အဆိုပြုလွှာပေးအပ် ကျောင်းသူ ကျောင်းသားလေးများ သွားနှင့်ခံတွင်းရောဂါ စစ်ဆေးကုသ

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသော သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်ပေးခြင်းအခမ်းအနားကိုယမန်နေ့နံနက်၉နာရီခွဲကရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်စစ်မှုထမ်းဟောင်း စံပြကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းမှ ဆရာဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အင်အား၃၀၀ကျော် တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အဖွင့်အမှာစကားနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းကို ရှင်းလင်းပြောကြားသည်။

**ပညာပေးဟောပြော**

ဆက်လက်၍ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း အမျိုးသမီးအဖွဲ့ငယ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်စန်းဝင်းက "သွားနှင့်ခံတွင်းကျန်းမာရေး"





အကြောင်းကို လည်းကောင်း၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း အမျိုးသမီးအဖွဲ့ငယ် အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာ ဒေါ်ခင်ခင်လွင်က "သွားဖုံးရောဂါ"အကြောင်းနှင့် ဒေါက်တာဒေါ်ခင်နှင်းအေးက "သွားနှင့်ခံတွင်းရောဂါကာကွယ်ရေး"အကြောင်းကိုလည်းကောင်း ပညာပေးဟောပြောကြသည်။

**အဖွဲ့ဝင်အဆိုပြုလွှာပေး**

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးထံ စစ်မှုထမ်းဟောင်း စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက အမျိုးသမီးရေးရာ သက်ငယ်အဖွဲ့ဝင် အဆိုပြုလွှာ၄၉၅စောင်ကိုပေးအပ်သည်။

**သွားနှင့်ခံတွင်းစစ်ဆေး**

အခမ်းအနားအပြီးတွင် ဌာနကြီးမှူးနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းမှ ဆရာဝန်များက အဆိုပါကျောင်းမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၅၈ဦးအား သွားနှင့် ခံတွင်းဆိုင်ရာ စစ်ဆေးကုသနေမှုများနှင့် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် သွားနှင့် ခံတွင်း ရောဂါရှိသူများအား စစ်ဆေးကုသနေမှုများကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်ပေးခြင်းအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)





# ပြည်ခရိုင်ကြွခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၆

**ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ၂၀၀၆ကို စက်တင်ဘာ၉ရက် နံနက်၉နာရီက ခရိုင်အသင်းရုံးခန်းမတွင် ကျင်းပသည်။**

အခမ်းအနားတွင် သဘာပတိအဖြစ် ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက ဆောင်ရွက်ပြီး ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်လင်းကတစ်နှစ်တာကာလအတွင်း အသင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့်တိုးတက်မှုများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

**ပေးအပ်ချီးမြှင့်**

ထို့နောက် မြို့နယ်အလိုက် ၂၀၀၅-၂၀၀၆ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန် ကျောင်းသားကျောင်းသူ ခြောက်ဦးအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရွှေနိုင်ငံဂျာနယ်နှင့် စိမ်းလဲ့ရွှေပြည်ဂျာနယ်များ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ စေတနာရှင်ပုဂ္ဂိုလ်လေးဦးက အလှူငွေကျပ်လေးသိန်းကို ပေးအပ်လှူဒါန်းရာ ခရိုင်အသင်းအတွင်းရေးမှူးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

**ကဏ္ဍအလိုက်ရှင်းလင်း**

ဆက်လက်၍ အခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် တိုင်းအလုပ်အမှုဆောင် ဦးခင်အောင်ဝင်းက ဆောင်ရွက်ပြီး ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကဏ္ဍအလိုက် တာဝန်ခံများက အသီးသီး ဖတ်ကြား ရှင်းလင်းတင်ပြကြသည်။

**ချမှတ်**

ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၂၀၀၆မှ ဆုံးဖြတ်ချက်နှစ်ရပ်၊ အတည်ပြုခြင်းနှစ်ရပ်နှင့် မှတ်တမ်းတင်ခြင်းသုံးရပ်ကို ချမှတ်သည်။

**(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

# မြောက်ဥက္ကလာပ မိခင်နှင့်ကလေးအသင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှား

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို စက်တင်ဘာ ၁၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့်အဖွဲ့ဝင်များက အသက်ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေနှင့် အာဟာရတိုက်ကျွေးပြီး **(အောက်ပုံ)** ကိုယ်ဝန်ဆောင် အမျိုးသမီးများအား အိုင်အိုဒင်းဆား၊ သံဓာတ်အားဆေးနှင့် ကြက်ဥများကို ပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**



# ဆည်ကြီးပြီးသွားရင် အခြားဒေသမှာအလုပ်လုပ်စရာမလို ကိုယ့်ရပ်ကိုယ့်ရွာမှာ စိုက်ပျိုးစားသောက်နိုင်ကြပြီဖြစ်



**ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်ရှိ အင်ကြင်းသပိုး ရေလှောင်တမံ စီမံကိန်းတွင် ပါဝင်သော ၂ဒသမ ၂၅မိုင်ရှည်သည့် တူးမြောင်းမကြီး ဖောက်လုပ်ထားမှုမြင်ကွင်း။** ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

* ရွှေ့ဖုံးမှ

## စပါးစိုက်ပျိုးနိုင်

အင်ကြင်းသပိုးရေလှောင်တမံမှ အကျိုးပြုမည့်စိုက်ပျိုးဧက၂၆၈ဧကတွင် လယ်မြေဧကသည် ၁၁၅ဧကသာပါပြီး ကျန်စိုက်ပျိုးမြေများသည် ယာမြေများဖြစ်သည်။ စပါးစိုက်ပျိုးနိုင်သည်မှာ စိုက်ပျိုးရေရရှိမှုအပေါ် မူတည်ခြင်းကြောင့် အင်ကြင်းသပိုးရေလှောင်တမံပြီးစီးပါက စိုက်ပျိုးဧက ၁၂၆၈ဧကတွင် စပါးစိုက်ပျိုးနိုင်မည်ဖြစ်သည်။

မြန်မာ့အလင်းသတင်းအဖွဲ့အား အင်ကြင်းသပိုးရေလှောင်တမံ ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိဦးဌေးဝင်းက ရှင်းပြသည်။ ဒီပဲယင်းမြို့နယ်သည် နွေရာသီ၌ အထူးအားဖြင့် တန်ခူး၊ ကဆုန်လများတွင် ရေရှားပါးခြင်းကြောင့် လေး၊ ငါး၊ ခြောက်မိုင်ခန့်ဝေးသော ဒေသများသို့



**ကျွန်တော့်အသက် ၆၄နှစ်ရှိပါပြီ။ ဟိုတုန်းက ရေဆိုရင် သုံးမိုင်လောက်သွားတိုက်ရပါတယ်။ မိုးကုန်သွားရင် ကမ်းပါးနီချောင်းက ရေကို ခွက်တွေနဲ့ ညအိပ် ခပ်ကြရပါတယ်။ တပ်မတော်အစိုးရ လက်ထက်ရောက်မှ စက်ရေတွင်းတည်ဆောက်ပေးလို့ ရေအတွက် စိတ်အေးရပါတယ်။**

တောင်သူဦးတွတ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

သွားရောက်ပြီး သောက်သုံးရေ ခပ်ကြရသည်။ ရေလှောင်တမံတည်ဆောက်ရန်အတွက် တမံပိတ်သောလမှာပင် ရေအခက်အခဲမှ ကင်းဝေးပြီး သောက်သုံးရေ ရရှိနေပြီဖြစ်သည်။

ထိုဒေသတွင် ရေရရှိရန်အတွက် စက်ရေတွင်းတူးလျှင် အနည်းဆုံး ပေ ၄၀၀ မှ ပေ ၆၀၀လောက်တူးမှ ရေရရှိသည်။ ယခုအခါ တမံတည်ဆောက်လိုက်ခြင်းကြောင့် နွေရာသီတွင် ရေအခက်အခဲမှ လွတ်ကင်းသွားသည်။ ဒီပဲယင်းမြို့နယ်ဒေသမှ ရွာသားများသည် ဒီပဲယင်းဘက်ကို အားမကိုးကြဘဲ ဘုတလင်ဘက်ကို အားကိုးကြရသည်။ ဒီပဲယင်းလာရန်အတွက် ဘုတလင်သို့သွားပြီးမှ ဒီပဲယင်းသို့ လာနိုင်ကြသည်။

## လမ်းဖောက်

ယခုအခါ ရေလှောင်တမံစီမံကိန်းအရ လမ်းဖောက်လိုက်ခြင်းကြောင့် သွားရေးလာရေး အဆင်ပြေလျက်ရှိသည်။ ဤဒေသတွင် ပဲနှင့် ဆီးပင်များ စိုက်ပျိုးကြသည်။ ဆည်တည်ဆောက်ပြီးရေပေးနိုင်သည့် အခြေအနေရောက်ပြီဆိုလျှင် ယာမြေများကို လယ်ယာမြေများအဖြစ်သို့ ပြောင်းလဲစိုက်ပျိုးနိုင်ရန် မြို့နယ်အဖွဲ့အစည်းများက ကြိုးပမ်းလျက်ရှိသည်။

ယနေ့အထိ မိုးရွာသွန်းမှုအခြေအနေအရ ရေလှောင်တမံတွင် သတ်မှတ်ရေဧကသို့ရောက်ရှိနိုင်မည်ဖြစ်သောကြောင့် မိုးနှောင်းစပါး စိုက်ပျိုးနိုင်မည့်အပြင် နွေစပါးကို ဧက ၅၀၀ခန့် စိုက်ပျိုးရန် မျှော်မှန်းထားသည်ဟု ရှင်းပြသည်။

အင်ကြင်းသပိုးရေလှောင်တမံကို အမြင့်၄၄ပေ၊ တမံအလျား ပေ ၈၉၀၀ ရှိ၍ ကန်ရေပြည့်ရေလှောင်ပမာဏ ၆၂၂၆ ပေ၊ ကန်ရေသေရေလှောင်ပမာဏ ၁၄၄၉ ဧကပေ၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ၆၅၄ ဧက ရှိမည်ဖြစ်သည်။ အင်ကြင်းသပိုးရေလှောင်တမံတွင် ဩဂုတ်လ ၁၀ ရက်အထိ မိုးရေချိန်၁၀လက်မနှင့်အထက်ရွာလျှင် ကန်ရေပြည့်ရေလှောင်ပမာဏ ၆၂၂၆ဧကပေ ရရှိပါက



**ပေကြီးရေလှောင်တမံ လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။**

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

အင်ကြင်းသပိုးရေလှောင်တမံကို ဖွင့်လှစ်ပြီး ရေဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

မြန်မာ့အလင်းအဖွဲ့သည် အင်ကြင်းသပိုးကျေးရွာမှ တောင်သူတစ်ဦးအား တွေ့ဆုံမေးမြန်းပါသည်။

မေး။ ။ နာမည်ဘယ်လိုခေါ်ပါသလဲ။
ဖြေ။ ။ ဦးပြုံးလို့ခေါ်ပါတယ်။
မေး။ ။ ဘယ်ရွာမှာနေပါသလဲ။
ဖြေ။ ။ အင်ကြင်းသပိုးရွာမှာနေပါတယ်။
မေး။ ။ ဘာလုပ်ကိုင်စားပါသလဲ။
ဖြေ။ ။ တောင်သူပါ။
မေး။ ။ အင်ကြင်းသပိုးရေလှောင်တမံ တည်ဆောက်တဲ့အတွက် ဦးကြီးတို့ ဘယ်လို ခံစားရပါသလဲ။
ဖြေ။ ။ ရေလှောင်တမံတည်ဆောက်တာနှင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ရေလှောင်တမံကြီးမှ စိုက်ပျိုးရေးအတွက်ရော၊ သောက်သုံးရေအတွက်ရော ရေရမှာဖြစ်လို့ ဝမ်းသာရပါတယ်၊ ဆည်မဖွင့်မီကတည်းက သောက်သုံးရေများရရှိနေပါတယ်။ ယခင်တုန်းက ဒီဒေသတွင် နွေအခါကာလမှာ လက်ယက်တွင်းများမှ ရေကို ရယူသောက်သုံးရပြီး စက်ရေတွင်းများက ရေကို ကျွဲနွား သောက်ရေ၊ အိမ်သုံးရေအဖြစ် သုံးကြရပါတယ်။ အရင်တုန်းက နွေအခါ ရေရအောင် သုံးမိုင် လေးမိုင်ဝေးတဲ့ နေရာမှာသွားပြီး ရေသယ်ရပါတယ်။
မေး။ ။ ဦးကြီးတို့ စိုက်ပျိုးရေးအတွင်း ဘာတွေစိုက်ကြပါသလဲ။
ဖြေ။ ။ မိုးစပါးနှင့် မိုးသီးနှံ ပဲစင်းငုံ စိုက်ပါတယ်၊ ပဲတီစိမ်း၊ နေကြာတို့လဲစိုက်ပါတယ်ဟု ပြောကြားသည်။

တစ်ဖန် အင်ကြင်းသပိုးကျေးရွာမှ တောင်သူဦးတွတ်အား ဆက်လက်တွေ့ဆုံမေးမြန်းပါသည်။

မေး။ ။ နာမည်ဘယ်လိုခေါ်ပါသလဲ။
ဖြေ။ ။ ဦးတွတ်လို့ခေါ်ပါတယ်။
မေး။ ။ အသက်ဘယ်လောက်ရှိပါလဲ။
ဖြေ။ ။ (၆၄)နှစ်ပါ။
မေး။ ။ အလုပ်အကိုင်က ဘာလုပ်ပါသလဲ။
ဖြေ။ ။ တောင်သူပါခင်ဗျာ။
မေး။ ။ တောင်သူဆိုတာ ဘာစိုက်တဲ့ တောင်သူပါလဲ။
ဖြေ။ ။ ပဲတီစိမ်းတို့၊ ပဲစင်းငုံ၊ မိုးစပါးတို့ စိုက်ပါတယ်။
မေး။ ။ စပါးနဲ့ ပဲတီစိမ်း ဘယ်လောက် စိုက်ပါသလဲ။
ဖြေ။ ။ ကျွန်တော်တို့ဘက်က ကုန်းတောတွေဆိုတော့ များများမရှိပါဘူး၊ သုံးဧက လေးဧကပါ၊ ကုန်းကျတဲ့ နေရာမှာပဲ ပဲတီစိမ်း၊ ပဲစင်းငုံ စိုက်ပါတယ်။
မေး။ ။ အခြားဘာတွေ စိုက်ပါသေးလဲ။
ဖြေ။ ။ ဆီးပင်စိုက်ပါတယ်၊ အပင်တစ်ထောင်လောက်စိုက်ပါတယ်။ ဧကအားဖြင့် ၁၀ဧက ဖြစ်ပါတယ်။
မေး။ ။ ဆီးပင်စိုက်တာ ဘယ်လောက် ကြာရင် အကျိုးရှိပါသလဲ။
ဖြေ။ ။ စစိုက်တဲ့နှစ်ကနေ သုံးနှစ်သား ဆိုရင် အရင်းကျေပါတယ်။
မေး။ ။ ဘယ်လို အကျိုးခံစားရပါသလဲ။
ဖြေ။ ။ ဆီးပင်တစ်ထောင်ကျော်ကို တစ်နှစ် ၁၂ သိန်းလောက်ရပါတယ်။ စရိတ်က လုပ်အားခ တစ်သိန်းကျော်၊ အပင်ပြုပြင်ပေးတာတို့ပါဆိုရင် သုံးသိန်းကျော်ကုန်ပါတယ်။
မေး။ ။ အဲဒီနေရာတွေမှာ စပါးစိုက်ရမယ်လို့ပြောရင် ဘယ်လိုသဘောရပါသလဲ။
ဖြေ။ ။ စပါးစိုက်ရမယ်လို့ နိုင်ငံတော်ကပြောရင် စိုက်ရမှာပေါ့၊ ဆီးသီးဆိုတာက အာမခံချက်မရှိဘူး၊ နိုင်ငံခြားက ဝယ်ရင် အကျိုးရှိပါတယ်။



**ရေလှောင်တမံတည်ဆောက်တာနဲ့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ ရေလှောင်တမံကြီးမှ စိုက်ပျိုးရေးအတွက်ရော၊ သောက်သုံးရေအတွက်ပါ ရေရမှာဖြစ်လို့ ဝမ်းသာရပါတယ်။**

တောင်သူဦးပြုံး။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

လောလောဆယ်အားဖြင့် ဆီးသီးကအကျိုးရှိတယ်လို့ ပြောနိုင်တာပေါ့၊ ဒါပေမယ့် စပါးကတော့ သားစဉ်မြေးဆက် အကျိုးရှိ၊ နိုင်ငံတော်အတွက်လဲ အကျိုးရှိတာပေါ့၊ ရေမရှိတဲ့ဒေသဖြစ်တော့ ဆီးပင်စိုက်ရပါတယ်။ ဆီးသီးရောင်းလို့ရတဲ့ငွေနှင့် စပါး၊ ဆန်ဝယ်စားကြရပါတယ်။ လယ်မလုပ်ဖူးသေးတော့ လယ်တစ်ဧက ဘယ်လောက်ရတယ်၊ ဘယ်လောက်အကျိုးရှိတယ်တော့ မသိသေးပါဘူး။ ဆီးကတော့ လက်တွေ့ဖြစ်နေပါတယ်။ ကျွန်တော်တို့ အသက်(၆၄)နှစ်ရှိပါပြီ၊ ဟိုတုန်းက ရေဆိုရင် သုံးမိုင်လောက် သွားတိုက်ရပါတယ်။ မိုးကုန်သွားရင် ကမ်းပါးနီချောင်းရှိပါတယ်။ အဲဒီနေရာမှာ ခွက်ကလေးတွေနှင့် ညအိပ်ခပ်ကြရပါတယ်၊ တပ်မတော်အစိုးရ လက်ထက်ရောက်မှ စက်ရေတွင်း တည်ဆောက်ပေးလို့ ရေအတွက် စိတ်အေးရာ ရပါတယ်။ စက်ရေတွင်းအတွက် ပိုက်ဆံမပေးရပါဘူး၊ နိုင်ငံတော်က တူးပေးတာပါ၊ အခုတော့ ရေလှောင်တမံဆောက်ပြီးတော့ ရေကို လက်တွေ့သုံးနေရပါပြီ။ ဆည်ကြီးလာဆောက်တာ အင်မတန်ဝမ်းသာပါတယ်၊ ကျွန်တော်တို့ ငယ်စဉ်တောင်ကျေးတုန်းက ချောင်းရေကိုညအိပ်ပြီး ရေစစ်ခပ်ရပါတယ်၊ တပ်မတော်အစိုးရလက်ထက်မှ အိပ်ရေးပျက်သက်သာပြီး စက်ရေတွင်း သုံးရပါတယ်၊ ဆည်ရေပေးလို့စိုက်ပျိုးနိုင်ပြီဆိုရင် ဆန်စပါးကအစ ဝယ်စားနေရာမှ စပါးစိုက်ပျိုးပြီး သားစဉ်မြေးဆက် စားရတော့မှာဖြစ်လို့ များစွာဝမ်းသာပါတယ်။

## စိုက်ပျိုးစားသောက်နိုင်ကြပြီ

ဆက်လက်၍ အင်ကြင်းသပိုးကျေးရွာသူ ကျေးရွာသားအပြင် ဒီပဲယင်း၊ ဘုတလင် နယ်သူနယ်သားတွေပါ ဆည်ပြီးစီးလို့ လယ်စိုက်ပျိုးနိုင်ပြီဆိုရင် ဆန်စပါး ပေါများမယ်၊ ဆည်ကြီးပြီးသွားပြီဆိုရင် သောက်သုံးရေကိုရမယ်၊ လောလောဆယ်အားဖြင့် ရေကို လှည်းဖြင့်သယ်ယူ သုံးစွဲနိုင်ကြပါပြီ။ အင်ကြင်းသပိုးအုပ်စုမှာနေတဲ့ ကျေးရွာသူ ကျေးရွာသားတွေအနေနှင့် ကုသိုလ်ထူးတယ်လို့ ဆိုရမည်ဖြစ်ပါတယ်။ သွားလာရေးအတွက် လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်လာပါတယ်၊ ကိုယ်လိုရာခရီးကို လွယ်လင့်တကူ သွားလာနိုင်တယ်၊ ဆည်ကြီးပြီးလို့ စပါးစိုက်နိုင်ပြီဆိုရင် အခြားဒေသမှာသွားပြီး အလုပ်လုပ်စရာမလိုတော့ဘဲ ကိုယ့်ရပ်ကိုယ့်ရွာမှာ စိုက်ပျိုး စားသောက်နိုင်ကြပြီဖြစ်ပါတယ်ဟု ပြောပြလိုက်သည်။

အင်ကြင်းသပိုး ရေလှောင်တမံစီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ခြင်းဖြင့် ဒီပဲယင်းမြို့နယ်အတွင်း လယ်မြေဧက၁၂၆၈ဧက အကျိုးပြုနိုင်မည်ဖြစ်သည့်အပြင် လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးရေပေါများစွာ အသုံးပြုနိုင်မည်ဖြစ်ခြင်းတို့ကြောင့် နိုင်ငံတော်နှင့်ဒေသခံတို့၏ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင်သာမက ပတ်ဝန်းကျင်စိမ်းလန်း စိုပြည်ရေးအတွက်ပါ များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ကွင်းဆင်းမေးမြန်းတင်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



**ဒီပဲယင်းမြို့နယ် အင်ကြင်းသပိုး ရေလှောင်တမံစီမံကိန်းနှင့် ပတ်သက်၍ တမံတည်ဆောက်ရခြင်း၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင် တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ဦးစီးအရာရှိ ဦးဌေးဝင်းက မြန်မာ့အလင်းသို့ ဤသို့ရှင်းပြသည်။**

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

## မြန်မာ့ရုပ်မြင်သံကြား

**၁၇–၉–၂၀၀၆ရက် (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၀ ၆။ အရေးပြိုင်ပွဲ
၈:၁၀ ၇။ ခရမ်းချောင်းတံတား
၈:၁၅ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say it in English

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ Yan Can Cook
၁၁:၅၀ ၅။ မြန်မာရုပ်ရှင် **"တိမ်လွှာမို့မို့လွင်"** ဝင်းဦး၊ အောင်လွင်၊ မြင့်မြင့်ခင် (ဒါရိုက်တာ–စံရွှေမောင်)
၁၄:၂၅ ၆။ ရှမ်းပြည်နယ်မြောက်ပိုင်း (လားရှိုး) ကြက်ဆူပင်စိုက်ပျိုးရေး
၁၄:၄၀ ၇။ **"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"** စိုးသူ၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၄:၄၅ ၈။ International News

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၀၅ ၆။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) [အဆင့်မြင့်ပညာအဆင့်] (အမျိုးသား)
၁၇:၁၅ ၇။ သီးနှံစိုက်ပျိုးအထွက်တိုး (သီးနှံတွင် ပေါက်ရောက်သော ပေါင်းမြက်ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ)
၁၇:၂၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ သီရိဂေဟာ
၁၉:၀၀ ၁၂။ Discovery
၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်းရဲ့ နေ့ရက်များ"** (အပိုင်း–၈)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း–၂၀)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

■ *ကျောဖုံးမှ*

## ဆွတ်ခူး

ရှမ်းပြည်နယ် (မြောက်ပိုင်း) ၂၀၀၅–၂၀၀၆ခုနှစ် ဆင်းရွှေလီ စပါး အထွက်တိုးပြိုင်ပွဲများကို ခရိုင်အလိုက် ကျင်းပခဲ့ရာ မူဆယ်ခရိုင်က ပထမဆုကို ဆွတ်ခူးရရှိခဲ့သည်။ ပထမဆုရ လယ်သမားမှာ အသက် (၂၇)နှစ် အရွယ်ရှိ နမ့်ခမ်းမြို့မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းအိုက်အေး ဖြစ်သည်။ ဦးစိုင်းအိုက်အေး၏ လယ်ဧကလေး



**ဆင်းရွှေလီစပါး အထွက်တိုးရရှိရေးအတွက် ကျွန်တော်တို့ စိုက်/ကြပ်ကော်မတီဝင်တွေလဲ နေ့/ညမပြတ် စောင့်ကြည့်ပံ့ပိုးကူညီပေးခဲ့ပါတယ်။**

(ဗိုလ်မှူးအောင်ဇော်လတ် ဥက္ကဋ္ဌ၊ နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)

(ဓာတ်ပုံ–သောင်းဝင်းဗိုလ်)

ဧကခွဲတွင် တစ်ဧကအထွက်တိုးနှုန်း ၂၈၉ဒသမ ၅၉တင်းဖြင့် အထွက်တိုး အများဆုံး ပထမဆုကို ဆွတ်ခူးခဲ့သည်။ ဦးစိုင်းအိုက်အေး၏ နွေစပါး ရိတ်သိမ်းသည့် စံကွက်အမျိုးအစားမှာ တင်း ၂၀၀ ယှဉ်ပြိုင်ကွက်ဖြစ်ပြီး တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးယှဉ်ပြိုင်ရသော ပြိုင်ပွဲတစ်ခု ဖြစ်သည်။ ဦးစိုင်းအိုက်အေး၏ စံကွက်တွင် အနည်းဆုံး ထွက်သော ထွက်နှုန်းမှာ တစ်ဧက ၂၈၆ ဒသမ ၂၄ တင်းဖြစ်သည်။

## ထူးခြားသူ

ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် ဝမ်းစာစပါး ဖူလုံရေး၊ ပိုလျှံစပါး ရောင်းချနိုင်ရေးနှင့် တောင်သူလယ်သမားများ အထွက်တိုးစပါးများကို အားထားစိုက်ပျိုးနိုင်ရေးတို့ကို ရည်ရွယ်ပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌက ပြိုင်ပွဲကိုကျင်းပပေးပြီး ထိုက်ထိုက်တန်တန် ဆုကြေးများနှင့် ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်မှုသည် ထူးခြားမှု တစ်ခုဖြစ်သည်။

## အကောင်းဆုံးလယ်သမား

ပထမဆုရရှိသော အကောင်းဆုံးလယ်သမားအဖြစ်သတ်မှတ်ခြင်း ခံရသော ဦးစိုင်းအိုက်အေးအား တွေ့ဆုံမေးမြန်းရာတွင် "ကျွန်တော်ကလယ်သမား မျိုးရိုးပါ၊ မိဘတွေရဲ့ လက်ငုတ်လက်ရင်းကို တိုးချဲ့ပြီး ဆက်လုပ်ခဲ့တာပါ၊ ကျွန်တော့်မှာ လယ်ဧကလေးဧကခွဲပဲ ရှိပါတယ်၊ ကျွန်တော့်မှာ ရှိတဲ့မြေကနဲ့ စပါးများများ ထွက်ချင်တယ်၊ ဒါကြောင့် အထွက်တိုး အားကောင်းတဲ့ ဆင်းရွှေလီစပါးကို ရွေးပြီးစိုက်တာပါ၊ မနှစ်ကတော့ တစ်ဧကတင်း၁၇၀ပဲ ထွက်ပါတယ်။ ဒီနှစ်တော့ စိုက်ကြပ်အဖွဲ့တွေရဲ့ ပံ့ပိုးမှုကြောင့် စနစ်တကျ စိုက်ပျိုးလို့ အထွက်တိုးတာပါ။ စိုက်ကြပ်အဖွဲ့မှာ စိုက်ပျိုးရေးပညာရှင်တွေနဲ့အတူ ဌာနဆိုင်ရာ တာဝန်ရှိသူတွေ ပါဝင်ပါတယ်။ သူတို့ရဲ့ အနီးကပ် ကြီးကြပ်ပံ့ပိုးမှု၊ အားပေးမှုတွေကြောင့် အောင်မြင်မှု ရခဲ့တယ်လို့ ပြောနိုင်ပါတယ်။

ဒီနှစ်မှာ ကျွန်တော် သိန်း ၄၀ ကျော် အမြတ်ထွက်ပါတယ်။ ဒါကြောင့် ကျွန်တော်နေဖို့ အိမ်ကိုဖျက်ပြီး တိုက်ဆောက်နေပါပြီ။ ကျွန်တော့်မှာ ထော်လာဂျီ အပိုင်ရှိတယ်။ စပါးခြွေ



**နမ့်ခမ်းမြို့မှ ဆင်းရွှေလီ အထူးအထွက်တိုး ပထမဆုရ လယ်သမားကြီး ဦးစိုင်းအိုက်အေး။**

(ဓာတ်ပုံ–သောင်းဝင်းဗိုလ်)

လှေ့စက်ရှိတယ်။ လယ်ထွန်စက်လဲ ဝယ်ပြီးပြီ။ စပါးစိုက်တဲ့အချိန်မှာ လူအင်အားနဲ့စိုက်တယ်။ လယ်ထွန်စက်နဲ့ လယ်ထွန်ပါတယ်။ ရိတ်သိမ်းတော့လဲ ရိတ်သိမ်းစက်ငှားပြီး ရိတ်ပါတယ်။ စက်မှုလယ်ယာစနစ်ကို အများဆုံးသုံးခဲ့ပါတယ်။ ကျွန်တော်တို့ဒေသမှာ နွားကိုအသုံးပြုပြီး လယ်လုပ်တဲ့ စနစ်မရှိတော့ပါဘူး၊ လယ်သမားတွေ ခေတ်မီကုန်ပါပြီ။

နိုင်ငံတော်ရဲ့ စေတနာက ကျွန်တော်တို့လယ်သမားတွေ အကျိုးဖြစ်ထွန်းတာ လိုလားတယ်။ ဆည်တွေ၊ တမံတွေ၊ ရေလွှတ်မြောင်းတွေ လုပ်ပေးတယ်၊ နွေစပါးကို အောင်အောင်မြင်မြင် စိုက်ပျိုးနိုင်တယ်။ ဒါကြောင့် ဒေသဆိုင်ရာ လူကြီးတွေ ဖြစ်စေချင်တာတွေ တကယ်ဖြစ်ပါပြီ။ အခုဆို ကျွန်တော်တို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသမှာ အထွက်တိုးတဲ့ စပါးဆင်းရွှေလီမျိုးကို လူတိုင်း အားကိုးပြီး စိုက်ကြလို့ အကျိုးဖြစ်ထွန်းကြတာပါ။ ကျွန်တော့်ကို မှီခိုတဲ့ မိသားစုက ၁၂ ယောက်ရှိတယ်။ မိဘနဲ့ ညီအစ်ကိုမောင်နှမတွေပါ၊ မိန်းမရှိတယ်။ ကလေး နှစ်ယောက်ရှိတယ်။ ကျွန်တော် လယ်လုပ်တာ ၁၀နှစ်ရှိပြီ။ ဒီနှစ်အထွက် အတိုးဆုံးပဲ။ ဆင်းရွှေလီစပါးကို ၂၀၀၂ ခုနှစ်ကစပြီး စိုက်ခဲ့တာပါ။ ကျွန်တော်တို့ ဒေသအတွက် ဝမ်းစာစပါးချန်ပြီး ပိုလျှံစပါးတွေ အကုန်ရောင်းပြီးပြီ။ ရိတ်ပြီးပြီးချင်း အစိုတွေကို အလုအယက် လာဝယ်ကြတယ်။ ကျွန်တော့်ဘဝမှာ ဒီလို ပထမဆုမျိုးရလိမ့်မယ်လို့ မထင်ခဲ့ဘူး။ ဂုဏ်လဲရှိတယ်၊ ငွေလဲရတယ်။ ဒီထက်ကောင်းတာ ဘာရှိသေးလဲ"

## စီးပွားဖြစ်ထွန်း

ရှမ်းပြည်နယ် (မြောက်ပိုင်း) တစ်ခွင်တွင် ဆင်းရွှေလီစပါး စိုက်ပျိုးထုတ်လုပ်သော လယ်သမားကြီးများ စီးပွားဖြစ်ထွန်းလျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ တိုက်ဆောက်သူ၊ ကားဝယ်သူတွေက အများကြီးဖြစ်လာပြီ။ မူဆယ်မြို့နယ် နောင်နောင်းကျေးရွာအုပ်စု မန်ဟောင်းလွယ်ကျေးရွာမှ လယ်သမားကြီး ဦးကျောင်းဆွဲ့မှာ လယ်ကွင်းအနီးတွင် နှစ်ထပ်တိုက်ဆောက်ပြီး နေထိုင်လျက်ရှိသည်။ အဆိုပါ ကျေးရွာမှ တောင်သူလယ်သမားကြီး ဦးရွှက်ကျောင်းထွန်းက



**ဆင်းရွှေလီစပါးဖြင့် အကြွေးများ ကျေအောင်ဆပ်နိုင်ခဲ့သည့် လယ်သမားကြီး ဦးရွှက်ကျောင်းထွန်း။**

(ဓာတ်ပုံ–သောင်းဝင်းဗိုလ်)

လည်း တစ်ဧကအထွက်နှုန်း ၂၂၆ တင်းဖြင့် ခရိုင်အဆင့်ပြိုင်ပွဲတွင် ဒုတိယဆု ရရှိခဲ့သည်။ ဦးရွှက်ကျောင်းထွန်းနှင့် တွေ့ဆုံမေးမြန်းရာတွင်–

"ဆင်းရွှေလီစပါးစိုက်လို့ ဒီနှစ် ၂၇သိန်းလောက်အမြတ်ရတယ်။ အရင်က အမြတ်နည်းတော့ အကြွေးတင်ခဲ့တယ်၊ အခုတော့ ဆင်းရွှေလီစပါးရဲ့ ကျေးဇူးကြောင့် အကြွေးတွေ ကျေပြီ၊ သားသမီး တွေကိုလဲ ပညာသင်ဖို့ စရိတ်ရပြီ၊ သားနှင့် သမီးက ၁၀တန်း၊ သူတို့ ကျောင်းတက်ဖို့ ဆိုင်ကယ်တစ်စီးစီ ဝယ်ပေးလိုက်ပြီ၊ ထော်လာဂျီလဲ ဝယ်နိုင်ပြီ၊ ဒီလိုဖြစ်လာအောင် ပံ့ပိုးကူညီတဲ့သူကတော့ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး



**ဆင်းရွှေလီစပါး အကျိုးဖြစ်ထွန်းတာကို လယ်သမားတိုင်း သိနေကြပါပြီ။**

(ဗိုလ်မှူးရဲလင်းဦး ဥက္ကဋ္ဌ၊ မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)

(ဓာတ်ပုံ–သောင်းဝင်းဗိုလ်)

ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးရဲလင်းဦးပါ။ သူက ရွာအထိလာပြီး ဆင်းရွှေလီစပါးစိုက်ဖို့ တိုက်တွန်းတယ်၊ စပါးမျိုးတွေ အခမဲ့ဖြန့်ဝေပေးတယ်၊ စိုက်နည်း ပျိုးနည်းတွေကိုလဲ ပညာရှင်တွေနဲ့သင်ပေးတယ်၊ ဒါ့ကြောင့် ခုလို ဆုရခဲ့တာပါ၊ အဓိကပြောချင်တာကတော့ ကျွန်တော်တို့လယ်သမားတွေ ဆင်းရွှေလီမှ ဆင်းရွှေလီပဲ ဖြစ်ကုန်ပါပြီ"။

## အားထားနေ

ရှမ်းပြည်နယ် (မြောက်ပိုင်း) တစ်ခွင်တွင် အောင်မြင်ဖြစ်ထွန်းနေသော ဆင်းရွှေလီစပါးကို လယ်သမားအများစုက အားထားနေကြပြီဖြစ်၏။ ရှေ့မှာ စံနမူနာပြ အောင်မြင်ဖြစ်ထွန်းပြီး အကျိုးရှိသောလယ်သမားကြီးများကို ကြည့်ပြီး အခြားလယ်သမားများကလည်း ဆင်းရွှေလီအထွက်တိုးစပါးကို အားတိုက်အင်တိုက် စိုက်ပျိုးနေကြသော မြင်ကွင်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)တစ်ခွင်လုံးတွင် တွေ့မြင်ခဲ့ရသည်။

"ဆင်းရွှေလီစပါး အထွက်တိုးကြောင်းကို အရင်က ကျွန်တော်တို့ အများကြီး ဟောပြောတိုက်တွန်းခဲ့ရတယ်၊ တကယ်စိုက်ရင် တကယ်အကျိုးရှိတယ်ဆိုတာ လူတိုင်း လက်တွေ့မြင်လာတော့ ကျွန်တော်တို့ စည်းရုံးတိုက်တွန်းဖို့ မလိုတော့ပေမယ့် လိုအပ်ချက်တွေကို ဖြည့်ဆည်း ပံ့ပိုးပေးနေရတယ်။ မူဆယ်ခရိုင်က ဒီနှစ် ပထမဆုရရှိသွားတော့ ကျွန်တော်တို့ ပင်ပန်းရကျိုးနပ်တာပေါ့"ဟူ၍ မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးရဲလင်းဦးက ရှင်းလင်းပြောပြသည်။

နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးအောင်ဇော်လတ်ကလည်း "ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌကိုယ်တိုင် အကြိမ်ကြိမ်ကွင်းဆင်းပြီး စစ်ဆေးတယ်၊ မြို့နယ်ဥက္ကဋ္ဌတွေ၊ လယ်သမားတွေကို ကူညီပံ့ပိုးကြရဲ့လား၊ နည်းပညာတွေပေးပြီး စနစ်တကျစိုက်ရဲ့လား၊ လိုအပ်တဲ့ရေနဲ့ဓာတ်မြေဩဇာတွေရော အဆင်ပြေရဲ့လား ဆိုပြီး စစ်ဆေးကြပ်မတ်တယ်၊ ကျွန်တော်တို့ စိုက်ကြပ်ကော်မတီဝင်တွေကလဲ နေ့၊ ညမပြတ် လေ့လာအကဲခတ်ပြီး အဆက်မပြတ် ကူညီပံ့ပိုးနေရတယ်၊ တကယ်ပင်ပန်းကြပါတယ်၊ ခုလို နမ့်ခမ်းမြို့နယ်က ပထမဆုကို ဆွတ်ခူးရရှိတယ်ဆိုတော့ ပင်ပန်းမှုတွေပြေပျောက်ပြီး အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်"ဟူ၍ ဝမ်းသာအားရ ပြောကြားခဲ့သည်။

မူဆယ်ခရိုင်အတွင်းရှိ ဆင်းရွှေလီစပါးစိုက်ပျိုးကြသော လယ်သမားများသာမက လယ်သူမများလည်းဝင်ငွေကောင်းလျက်ရှိသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရသည်။ လယ်သူမအများစုမှာ ကိုယ်ပိုင်မော်တော်ဆိုင်ကယ်များဖြင့် လယ်ယာလုပ်ငန်းခွင်ကို ဝင်ရောက်လာကြသည်ကို တွေ့မြင်ခဲ့ရသကဲ့သို့ ကိုယ်ပိုင် လက်ကိုင်ဖုန်းများဖြင့် ခေတ်မီလယ်သူမများအဖြစ် မြင်တွေ့ခဲ့ရသော မြင်ကွင်းက တိုင်းရင်းသား ဒေသခံများအတွက် မုဒိတာပွားစရာ ဝမ်းသာအားရ ဖြစ်မိပါ၏။ သူတို့၏တစ်နေ့တာ လုပ်အားခမှာ ငွေကျပ်၄၀၀၀ အထက်ရရှိကြောင်း သိခဲ့ရသည်။



**မူဆယ်မြို့အဝင်မှ စပါးစိုက်ခင်းတစ်ခုကို ဤသို့တွေ့ရသည်။**

(ဓာတ်ပုံ–သောင်းဝင်းဗိုလ်)

## အကျိုးဖြစ်ထွန်း

ယခင်က ပြည်မမှ ဆန်ကို အားထားခဲ့ရသော ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ လယ်သမားများသည် ဒေသတွင်း ဖြစ်ထွန်းအောင်မြင်နေသော ဆင်းရွှေလီစပါးကို စိုက်ပျိုးခြင်းကြောင့်



**မာန်ဟောင်းလွယ်ကျေးရွာ လယ်ကွင်းအနီးတွင် ဆင်းရွှေလီစပါးမှရသည့် အကျိုးအမြတ်ဖြင့် တည်ဆောက် ပြီးစီးသွားသော လယ်သမားကြီး ဦးကျောင်းဆွဲ့ကို တိုက်သစ်နှင့်အတူ တွေ့ရစဉ်။**

(ဓာတ်ပုံ–သောင်းဝင်းဗိုလ်)

အကျိုး ဖြစ်ထွန်းကာ ဒေသဝမ်းစာဖူလုံလောက်ငံ့မှုမက ပိုလျှံစပါးများလည်း ဈေးကောင်းဖြင့် ရောင်းချနိုင်ကြပြီဖြစ်ရာ ဆင်းရွှေလီစပါးဖြင့် အမှန်တကယ် အကျိုးဖြစ်ထွန်းမှုကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

---

❒ *ရှေ့ဖုံးမှ*

ပဲစင်းငုံဧက ၁၅၀၈ စိုက်ပျိုးထားရှိမှု၊ မြေလွတ်မြေရိုင်း ခုတ်ထွင်ရှင်းလင်းမှု၊ သီးညှပ် နာနတ်ပင် ၁၂၅၀၀ စိုက်ပျိုးပြီးစီးမှုနှင့် ခြံစည်းရိုး ကြက်ဆူပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်က တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် စံပြစိုက်ခင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်နှင့် သီးညှပ် ပဲစင်းငုံ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးမည့် အစီအမံများကို လည်းကောင်း၊ ဗလမင်းထင်ကုမ္ပဏီလီမိတက်မှ စိုက်ပျိုးရေးတာဝန်ခံ ဦးခင်မောင်မြင့်က ကုန်းမြင့်ယာမြေ ၅၆၅ဧကတွင် အစေ့ထုတ်ပြောင်း၊ နာနတ်၊ ကြံ၊ ပဲစင်းငုံနှင့် ခြံစည်းရိုးကြက်ဆူပင်များ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိမှု၊ ဝက်မွေးမြူရေးခြံနှစ်ခြံ တည်ဆောက်နေမှု၊ အဝီစိတွင်း တူးဖော်ပြီးစီးမှု အခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးမှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် အမှတ်(၁) ကုန်းမြင့်ယာမြေဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်သို့ သွားရောက်၍ အလျားပေ ၁၀၀၊ အနံပေ၄၀ရှိ ခြံစည်းရိုးကြက်ဆူစေ့ဆီကြိတ်စက်ရုံ တည်ဆောက်ရန် မြေနေရာနှင့် စက်များရောက်ရှိ တပ်ဆင်မှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် မျိုးစေ့ထုတ်ဇုန်အတွင်းရှိ လားရှိုးတပ်နယ် ဧက၁၀၀ ခြံစည်းရိုးကြက်ဆူပင်စံပြစိုက်ခင်း၌ လားရှိုးတပ်နယ်မှ စစ်သည်များ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေး၍ မျိုးစေ့ထုတ်ဇုန်အတွင်းရှိ စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

---

# နေပြည်တော်စာတိုက်ကြီးတည်ဆောက်ရေးလုပ်ငန်း အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလပြီးစီးရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ၁၄ရက်တွင် နေပြည်တော်ရှိ နေပြည်တော်စာတိုက်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက နေပြည်တော်စာတိုက်ကြီး တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်းပြီးစီးရေး မှာကြားသည်။

## ဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးသည် နေပြည်တော် အော်တိုအိတ်ချိန်းသို့ရောက်ရှိရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက အော်တိုတယ်လီဖုန်းလိုင်းစနစ် ဆောင်ရွက်နေမှုနှင့် အော်တိုအိတ်ချိန်းဆိုင်ရာ ဌာနများ နေရာချထားမှုအခြေအနေများကို တင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေးနှင့် ဝန်ထမ်းများ စည်းကမ်းပြည့်ဝစွာ ဆောင်ရွက်ရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည်"ဆက်သွယ်ရေးချို့ယွင်းမှု တိုင်ကြားရေးဌာန" ဖွင့်လှစ်ရန် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်စတင်အကောင်အထည်ဖော်ရန် မှာကြားသည်။

## စည်းကမ်းပြည့်ဝ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပျဉ်းမနားအော်တိုအိတ်ချိန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းဆိုင်ရာများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ အဆက်မပြတ်စေရေးနှင့် ဝန်ထမ်းများ စည်းကမ်းပြည့်ဝစွာ ဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**နေပြည်တော် အော်တိုအိတ်ချိန်းကို တွေ့ရစဉ်။** (သတင်းစဉ်)

---

# မြောက်ဥက္ကလာပ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေညီလာခံ အတွေ့အကြုံရှင်း

**ရန်ကုန် စက်တင်ဘာ ၁၆**

မြောက်ဥက္ကလာပမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ စတုတ္ထအကြိမ်မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲကို စက်တင်ဘာ ၃ ရက်က မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားဝင်းရှိ အဘိဓမ္မာခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ရိန် (မင်းကြော့ရိန်)က အမှာစကားပြောကြားပြီး စတုတ္ထအကြိမ်မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ညီလာခံ အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့၏ မိန့်ခွန်းများကို ဖတ်ကြားတင်ပြသည်။

အတွေ့အကြုံ ရှင်းလင်းပွဲသို့ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးစိုးမြင့်(မင်းဆက်မွန်)၊ အတွင်းရေးမှူး ဦးသောင်းညွန့်(သောင်းညွန့်ဦး၊ ငါးသိုင်းချောင်း)၊ တွဲဖက်အတွင်းရေးမှူး တင်နိုင်တိုးနှင့် အမှုဆောင်များ၊ စာပေဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **(၃၂၂)**

# ပုပ္ပားဝန်းကျင် ကျေးရွာများသို့

ချစ်နိုင် (စိတ်ပညာ)

"စာဖတ်တဲ့သူများတဲ့ နိုင်ငံဟာ ပိုပြီးတိုးတက်တယ်လို့ သုတေသနပြုထားတဲ့ စာတမ်းတွေဖတ်ရတယ်။ ပြောရဲဆိုရဲတဲ့သူတွေ၊ ဆွေးနွေးရဲတဲ့သူတွေ များဖို့လိုတယ်။ ပြောရဲဆိုရဲဖို့ဆိုတာ ပညာဗဟုသုတများမှ ဖြစ်နိုင်တယ်၊ ပညာမတတ်တဲ့သူဟာ မပြောရဲဘူး။ မဆိုရဲဘူး။ ဘာမှ မဝေဖန်တတ် မပြောတတ်တဲ့သူတွေဟာ သိုးတွေလို လူတွေပဲ။ သိုးတွေလို လူတွေများနေရင် အဲဒီအသိုင်းအဝိုင်းဟာ မတိုးတက်နိုင်ဘူး။ လူတွေ စာများများဖတ်ဖို့လိုပါတယ်"

**မဟာမြိုင်ဆရာတော် ဦးဇောတိက**
**(လွတ်လပ်သောစိတ်-စာ-၃၀၉)**

## ငယ်စဉ်က

မြင်းခြံမြို့သို့ ဖြတ်သွားဖြတ်လာတစ်နှစ်တစ်ကြိမ်သာ ကြီးမှရောက်ဖူးခဲ့ပါသည်။ တစ်ခါမှ ညမအိပ်ဖူးချေ။ ကျွန်တော်တို့ ကလေးဘဝမှတ်မိတတ်သည့် အရွယ်မှာ အဖေနှင့်အမေက မြင်းခြံမြို့မှ ပဋ္ဌရုပတံဆိပ်ဆေးပေါ့လိပ်ကို သောက်ကြသည်။ မိမိငယ်စဉ်ကပင် မြင်းခြံဆေးလိပ်များ ထင်ရှားကြောင်းသိရှိသည်။ မြင်းခြံမှာ ဇာတ်အဖွဲ့များ လွန်ခဲ့သောအနှစ် ၄၀ ဆီက ပေါများသည်။ မိမိတို့ရွာဘုရားပွဲ သီတင်းကျွတ်လပြည့် ဇာတ်ပွဲငှားရန် ရွာမှမြင်းခြံသို့ ရွာလူကြီးတွေ နှစ်စဉ်သွားလေ့ရှိသည်။ ဇာတ်ပွဲတွေ အခြေပြုသောနေရာ၊ ဆေးလိပ်ခုံများ များစွာရှိသောမြို့ဟု ငယ်စဉ်ကာလမှ သိရှိထားခဲ့သည်။ မွေးရပ် ချောက်ရေနံမြေနှင့် မိုင်၅၀ ကျော်မျှသာ ကွာဝေးပါသော်လည်း မိမိမရင်းနှီးခဲ့။ မကျွမ်းခဲ့။

## နွားထိုးကြီး၊ တက်စည်ရွာ

၂၅-၈-၂၀၀၆ ရက်နေ့တွင်မူ ပြင်ဦးလွင်၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ မြစ်သားတို့ကို ကားလမ်းအတိုင်း ဖြတ်ကျော်ကာ နွားထိုးကြီးမြို့နယ်မှ တစ်ဆင့်မြင်းခြံမြို့သို့ ကျွန်တော်တို့ရောက်ရှိ ညအိပ်ပါသည်။ နွားထိုးကြီးမြို့နယ်အတွင်းမှ တက်စည်ရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဝင်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။ ပြင်စည်ရွာ အနီးမှာရှိသည်။ ကားလမ်းမမှ အတွင်းထဲသို့ တစ်မိုင်ခန့်ဝင်ရသည်။ မန္တလေးမြို့ ဒန်သတ္တုပစ္စည်းလုပ်ငန်းရှင် ဦးပြောင်း၊ ဒေါ်လှခင်တို့က ဆောက်လုပ်လှူဒါန်းသော သွပ်မိုးအုတ်ကာ၊ ပေနှစ်ဆယ်ပတ်လည် တစ်ထပ်အဆောက်အအုံဖြစ်သည်။ လှပသပ်ရပ်၍ သစ်လွင်သည်။ စာအုပ်လေးရာကျော်ရှိသည်။ မိမိတို့အဖွဲ့ ရောက်ရှိသွားစဉ်မှာပဲ ၂၁ လက်မတီဗွီတစ်လုံးကို သတ္တုလုပ်ငန်းရှင် ဦးပြောင်းနှင့် ဇနီးဒေါ်လှခင်တို့က လှူဒါန်းပွဲကျင်းပကာ ထပ်မံလှူဒါန်းပြန်ပါသည်။ ထိုဇနီးမောင်နှံသည် အသက်ငါးဆယ်ကျော်မျှ ရှိကြဦးမည်။ ဤရွာဇာတိဖွားပြီး မန္တလေးမှာ စီးပွားရေးအောင်မြင်ချမ်းသာနေကြသူများဖြစ်၏။ ပေါက်ကျိုင်းဒန်အိုးစက်၊ ပေါက်ကျိုင်းဒန်သတ္တုထုတ်လုပ်ရေးလုပ်ငန်းတို့ဖြင့် ပြည့်စုံကြွယ်ဝနေကြ၏။ မန္တလေး ၈၄ လမ်းနှင့် ၃၉ လမ်းထောင့်တွင် နေထိုင်ကြသည်။ ချက်မြှုပ်ရာအရပ်ကို ဆေးခန်း၊ ကိုးခန်းပါ မူလတန်းကျောင်းဆောင်၊ ရေလှောင်ကန်၊ စက်ရေတွင်း၊ တန်ဆောင်း၊ ဓမ္မာရုံ၊ ဘုရား စသည်တို့ အဆက်မပြတ် လှူဒါန်းခဲ့ရာမှ ယခုနှစ် စာကြည့်တိုက်အလှည့် ရောက်ရှိသောနှစ် ဖြစ်ပေတော့သည်။

> **ဖတ်သူကဖတ်၊ ငှားသူကငှား၊ ဝေဖန်ကြ၊ ဆွေးနွေးကြ၊ ကောင်းသော စာအုပ်ကို နောက်လူအား ညွှန်ပြ။ ညနေတိုင်း စာကြည့်တိုက်တွင် ဆုံတွေ့ကာ ဘာသာရေးလူမှုရေး တိုင်ပင်ဆွေးနွေးကြ။ အတော်ဟန်ကျ လာကြသည်။ စာကြည့်တိုက်၏ ကောင်းကျိုး၊ စာပေမြတ်နိုးခြင်း၏ကျေးဇူး၊ စာဖတ်ခြင်း၏ တန်ဖိုးကို ပို၍ပို၍ သိမြင်နေကြပြီ။ ဟောပြောစည်းရုံးနေစရာ အထူးမလိုတော့ချေ။**

## ဦးပြောင်း-ဒေါ်လှခင်

ဇေထိပ်ကျေးရွာအုပ်စု တက်စည်ရွာ ဓမ္မာရုံတွင် အလှူရှင် ဦးပြောင်းနှင့် ဒေါ်လှခင်တို့ ဇနီးမောင်နှံကို အကြောင်းပြုလျက် စေတနာကောင်းလျှင် ကံကောင်းကြောင်း၊ ဆန်းကြယ်သော ကောင်းမှုအကျိုးကို နာရီဝက်ခန့် သာဓုအနုမောဒနာ စကားပြောခဲ့သည်။ ဦးပြောင်းတို့ မိသားစုက ထပ်မံလှူဒါန်းလိုစိတ် တဖွားဖွားပေါ်ပေါက်ကာ မန္တလေးမှ စာကြည့်တိုက်များ အတွက်လည်း လှူပါဦးမည်ဟု ကတိပေးလိုက်၏။ တက်စည်ရွာ စာကြည့်တိုက်အမည်ကို ဇမ္ဗူဒီပဟု သူတို့စိတ်ကြိုက် ရွေးချယ်ပေးကြတာပေပဲ။

## ရွာကြီးရွာမှ ရတနာ

ခရီးဆက်ခဲ့ကြသော် ရွာကြီးရွာသို့ ရောက်သည်။ ကားလမ်းပေါ်ရှိ ရွာကြီးရွာ ရတနာစာကြည့်တိုက်ကား ငါးခန်းပတ်လည် ကျယ်ဝန်းလှပါသည်။ ယခင်က ကျေးရွာလယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမ အသင်းဆိုင် အဆောက်အအုံ ဖြစ်ပါသည်။ စာအုပ်စင်တွေကလည်း အဆင်သင့်၊ မှန်ဗီရိုတွေလည်း အဆင်သင့်။ စာအုပ်တွေကလည်း နှစ်ထောင်ကျော် သုံးထောင်ကျော်ခန့်အထိ များပြားလှ၏။ ဂျာနယ်မဂ္ဂဇင်းများလည်း အားရစရာတစ်ပုံတစ်ပင်။ စီပုံ၊ ထားပုံ စနစ်ကျသည်။

ရပ်ရွာအကြီးအကဲများက စာဖတ်ဝါသနာပါခဲ့ကြပုံရပါသည်။ အလားအလာကောင်းသော ရွာကြီးရွာ ရတနာစာကြည့်တိုက်ပါတကား။ စာဖတ်သူ၊ စာငှားသူလည်း အရေအတွက်မနည်းလှ။ ရပ်သူရွာသား လေးငါးဆယ်မျှ ရောက်လာကြတော့ စာဖတ်ခြင်း၏ ကျေးဇူးများပုံကို ဆွေးနွေးဖြစ်သည်။ ထို့နောက် ခရီးဆက်ကာ မြင်းခြံမြို့သို့လာခဲ့ရာ ညနေ ၃နာရီမှာ ရောက်လေသည်။ ကောင်းကောင်းအမည်ရှိ စွန်းလွန်းချောင်းနံဘေးက နှစ်ထပ်တိုက်ဟိုတယ်တွင် တည်းခိုကြရ၏။

## နန်းမြင့်ရွာ

၂၆-၈-၂၀၀၆ရက်မှာ နံနက်စာ နန်းကြီးသုပ်စားပြီး နန်းမြင့်ရွာသို့ မြင်းခြံမြို့မှ ၇နာရီခွဲ ထွက်ခွာခဲ့ကြပါသည်။ တောင်သာ လမ်းအတိုင်း ကားနှင့်လာကြရာ နန်းမြင့်ရွာသို့ရောက်သော် ကျေးရွာလူထုက အိုးစည်၊ ဒိုးပတ်၊ ဦးရွှေရိုးတို့ဖြင့် တီးမှုတ်ကခုန်ပြီး ကြိုပါသည်။

နန်းမြင့်ရွာ စာကြည့်တိုက်မှာလည်း စာအုပ်များထောင်နှင့်ချီ၍ ရှိနေသည်။ ကဲဗျာ- စာဖတ်သူတွေကပဲ တစ်လှည့်စီ စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးများကို မိမိတို့ကိုယ်တွေ့နှင့် ယှဉ်ပြီး ပြောပြပေးကြပါဟု မေတ္တာရပ်ခံလိုက်ရာ အံ့အားသင့်စရာကောင်းအောင် အကြောင်းအရာ မျိုးစုံကို ရသမျိုးစုံဖြင့် ဟောပြောခဲ့ကြပါ၏။ အသံချဲ့စက်ဖြင့် တစ်ရွာလုံးကြား။

၁။ အငြိမ်းစား သားဖွားဆရာမ ဒေါ်တင်အေး
၂။ စာကြည့်တိုက်မှူး ကိုအေးလွင်
၃။ မအေးမြင့်သန်း
၄။ ဦးထိန်လင်း
၅။ မူလတန်းပြဆရာမ(အငြိမ်းစား) ဒေါ်စော
၆။ ဒေါ်ညိုညိုစိုး (ဓမ္မစကြာဝတ်အသင်း)
၇။ မူလတန်းကျောင်းအုပ် (အငြိမ်းစား) ဦးမြထွေး
၈။ စာသံပေသံ ကာရန်နဘေတွေနှင့် ပြောသွားသည့် ဦးတိုးညွှန့် (အရန်မီးသတ်တပ်ဖွဲ့ဝင်)
၉။ သမဝါယမဦးစီးမှူး (အငြိမ်းစား) ဦးအေးကျော်

## စာပေကျေးဇူး

စာကြည့်တိုက်မှူး ကိုအေးလွင်က စာကြည့်တိုက်ကျေးဇူး၊ စာပေကျေးဇူးတို့ကို ဆရာဇေယျ၊ တက်တိုး၊ ပီမိုးနင်း၊ လူထုဦးလှ၊ လှသမိန်၊ ဖေမြင့် စသည်တို့၏ စာသားဝါကျများရွတ်ဆိုကိုးကားပြီး အလွတ်ပြောပြသွားပုံမှာ နားအရသာစိမ့်လှပါ၏။ ဆရာမ ဒေါ်တင်အေးနှင့် ဆရာမ ဒေါ်စောတို့က ပြောပြရာတွင် တက္ကသိုလ်ဘုန်းနိုင်၊ ဂျာနယ်ကျော်မမလေး၊ ခင်ဆွေဦး၊ ခင်နှင်းယု၊ အောင်လင်း၊ မြသန်းတင့် စသည်တို့၏ ဝတ္ထုများကို ကောက်နုတ်ကိုးကားကာ အားပါးတရ တိုက်တွန်းလှုံ့ဆော်ခဲ့ကြ၏။ မအေးမြင့်သန်း၊ မညိုညိုစိုးတို့က အပ္ပမာဒ၊ ရတနာမွန်၊ မြတ်မင်္ဂလာ၊ မင်္ဂလာမောင်မယ်၊ ဓမ္မဗျူဟာစာအုပ်များ၏ ကောင်းပုံ၊ ဖတ်သင့်ပုံကို စုံလင်စွာ ဂုဏ်တင်ကာ ပြောတတ်လှပါ၏။ အချိန်တစ်နာရီခွဲခန့်အတွင်း ရသမျိုးစုံနှင့် ချိုချဉ်ဖန်ခါး၊ နားအရသာဆိမ့်ရပါ၏။ အစပ်အပူမပါပေ။ ပြောသူကိုးဦးကို တစ်ယောက် ကျပ်၁၀၀၀စီ ဂုဏ်ပြုခဲ့ပါသည်။

ကျေးရွာ စာကြည့်တိုက်များ၏ လက်ရှိအခြေအနေတွင် ဤကဲ့သို့ ရှေ့ဆောင်အောင်မြင်နေသော စာကြည့်တိုက်မျိုးကို တွေ့ရသည်မှာ အားတက်စရာ အထူးကောင်းပါသည်။ တောင်သာ၊ ဝဲလောင်၊ ဆိတ်ထိန်းရွာတို့ကို ဖြတ်သန်းကာ ကားလမ်းအတိုင်း ပုပ္ပားသို့ရောက်ပါသည်။ ပုပ္ပားအထက်တန်းကျောင်းမှာ ညနေစောင်း၌ စာပေဟောပြောပွဲ ပြုလုပ်ပါသည်။ ပုပ္ပားကျောင်း၌ ပထမဦးဆုံးသော စာပေဟောပြောပွဲ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ **'လူဖြစ်ရတဲ့ ရည်ရွယ်ချက်'** ခေါင်းစဉ်ဖြင့် တင်ပြပါသည်။

## ကျောက်ပန်းတောင်းနယ်

ကျောက်ပန်းတောင်းမြို့နယ်အတွင်း-
(၁) ပုပ္ပားရွာ မြပါရမီစာကြည့်တိုက်
(၂) လက်ပံပင်ကျေးရွာ ဘဝအလင်းရောင် စာကြည့်တိုက်
(၃) တံခါးမရွာ ဘဝလမ်းညွှန်စာကြည့်တိုက်
(၄) အရှေ့အင်တိုင်းရွာ ဇာတိဂုဏ်ရောင်စာကြည့်တိုက်

ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် လေးတိုက်ကို အချိန်ရသမျှ သွားရောက်လေ့လာခဲ့ပါသည်။ အချို့ရွာကား စာဖတ်သူ အလွန်တရာနည်းပါးသေးသည်။ အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်များ ပြည့်စုံပါသော်လည်း စာဖတ်ဝါသနာပါသူ စာကြည့်တိုက်မှူးမရှိသေး။ ရပ်ရွာလူကြီးများကလည်း စာပေနှင့် အလှမ်းဝေးနေသေးသည်။ ရပ်ဝတ္ထုပစ္စည်းပြည့်စုံရုံမျှဖြင့် ရေရှည်မရှင်သန်နိုင်။ စာဖတ်ဝါသနာပါသော စာကြည့်တိုက်ကော်မတီအဖွဲ့က ဦးဆောင်လှုပ်ရှားပါမှ အသက်ဝင်ပြီး လျင်မြန်စွာ ဖွံ့ဖြိုးကျယ်ပြန့်မည် ဖြစ်ပါသည်။ စာဖတ်ကျင့်ကို စတင် ပျိုးရဦးမည်။

အချို့ကျေးရွာများတွင် ထင်မှတ်မျှော်လင့်ထားသည်ထက် ပိုမိုပြီး လျင်မြန်ဖွံ့ဖြိုး ကျယ်ပြန့်နေပြီးဖြစ်၏။ ဥပမာ- ပုပ္ပားနှင့်တံခါးမများ၊ **ဖတ်သူကဖတ်၊ ငှားသူကငှား၊ ဝေဖန်ကြ၊ ဆွေးနွေးကြ၊ ကောင်းသော စာအုပ်ကို နောက်လူအား ညွှန်ပြ။ ညနေတိုင်း စာကြည့်တိုက်တွင် ဆုံတွေ့ကာ ဘာသာရေး၊ လူမှုရေးတိုင်ပင်ဆွေးနွေးကြ။ အတော်ဟန်ကျလာကြသည်။ စာကြည့်တိုက်၏ ကောင်းကျိုး၊ စာပေမြတ်နိုးခြင်း၏ ကျေးဇူး၊ စာဖတ်ခြင်း၏တန်ဖိုးကို ပို၍ပို၍ သိမြင်နေကြပြီ။ ဟောပြောစည်းရုံးနေစရာ အထူးမလိုတော့ချေ။** ရန်ပုံငွေလည်းတိုးပွားစေသည်။

စာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများလည်း အသစ် မဟုတ်သော်လည်း (လ,ကျော်) တိုးပွားနေသည်။ စာဖတ်သောသူဦးရေလည်း အချိန်တစ်နှစ်ကျော် ကာလအတွင်းမှာပင် သိသာစွာ တိုးတက်များပြားနေပြီ။ ကျေနပ်အားရစရာကောင်းသည်။ ရောင့်ရဲရပ်တန့်ရန် မဟုတ်ပါ။ ဆက်လက်၍ မြေပြင်ပေါ်ရှိ စာအုပ်မှသည် ကောင်းကင်ပေါ်မှ ဆင်းလာသော အင်တာနက်စာအုပ်အထိ ခေတ်မီအောင် တက်လှမ်းကြရဦးမည်ဖြစ်၏။ အသေးစိတ်မထိတွေ့၊ မသိရှိဘဲ ရှေ့သို့ဆက်ရန် မဖြစ်နိုင်။ ဖြစ်နိုင်သမျှ အခြေအနေအတွင်း အကောင်းဆုံးစေတနာထားကာ လှုပ်ရှားကြရပါလိမ့်မည်။ ကြိုးစားကြရဦးမည်။

၁။ အာဏာပိုင် အဖွဲ့အစည်း၏အား
၂။ ပြည်သူလူထုနှင့် စာကြည့်တိုက်ကော်မတီ၏အား
၃။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ ပါဝင်စည်းရုံးမှုအား
၄။ ပြန်ကြားရေးဝန်ထမ်းများ၏ ထိတွေ့လေ့ကျင့်မှုအား

ပြည်သူလူထုတစ်ရပ်လုံး၏ အမြော်အမြင်နှင့် အသိဉာဏ်ဗဟုသုတ ရေချိန်ကို စာအုပ်စာပေတို့ဖြင့် ခေတ်အဆက်ဆက်ကပင် မြှင့်တင်ခဲ့ကြဖူးပြီ။ မျက်မှောက်ကာလ၏ လျင်မြန်သောအရှိန်အဟုန်နှင့် ပြောင်းလဲနေခြင်းများကြားတွင် ပိုမိုထိရောက်အောင်မြင်အောင် ကျေးရွာစာကြည့်တိုက်များကို ကျယ်ပြန့်စွာ အကောင်အထည်ဖော်ကြရပါမည်။ မျက်စိပွင့်သော ရပ်ရွာအကြီးအကဲများ၊ သြဇာရှိသော သံဃာတော် ဆရာတော်များ၏ ပျိုးထောင်စောင့်ရှောက်ခြင်းများကြောင့် စာဖတ်သူတိုးပွားရေးလှုပ်ရှားမှုကြီးသည် အရှိန်အဟုန်ဖြင့် မလွဲမသွေ အောင်မြင်ရမည်ဟု ကျွန်တော်တို့ ယုံကြည်ထားပါသည်။ ။

## MRTV-4
## ရုပ်မြင်သံကြားအစီအစဉ်
**၁၇-၉-၂၀၀၆ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | မေတ္တာပန်းတို့ လန်းဆန်းရာ ဟသံာတမေတ္တာဝါဒီ ပရဟိတဂေဟာ |
| ၇:၁၅ | တေးဂီတအစီအစဉ် |
| ၇:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၇:၃၀ | Sunday Talk (မျိုးမြတ်သူ၊ဒေါက်တာဇော်သန်း) |
| ၈:၂၅ | တေးဂီတအစီအစဉ် |
| ၈:၃၀ | ပြည်ပဝင်ငွေတိုးစေဖို့ သားငါးကဏ္ဍ မြှင့်တင်စို့ |
| ၈:၄၀ | တေးဂီတအစီအစဉ် |
| ၈:၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၈:၅၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၉:၀၅ | တေးဂီတအစီအစဉ် |
| ၉:၁၀ | ကလေးတို့အတွက် လက်ဆောင် (လိပ်ရုပ်နှင့် လည်စည်းခေါက်နည်း) |
| ၉:၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၃၅ | မြန်မာ့တိုင်းရင်းဆေးအတွက် ခေတ်မီစေမည့် နည်းကောင်းတစ်လက် |
| ၉:၄၅ | တေးဂီတအစီအစဉ် |
| ၉:၅၀ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၁၀:၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၁၀ | တေးဂီတအစီအစဉ် |
| ၁၀:၁၅ | သိမှတ်ဖွယ်ရာ တူးမြောင်းနည်းဥပဒေသများ |
| ၁၀:၂၅ | တေးဂီတအစီအစဉ် |
| ၁၀:၃၀ | Basic Computer Learning for Beginner (Vol-1) |
| ၁၀:၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၄၅ | ထက်မြက်ထူးခြား Aikido အားကစား |
| ၁၁:၀၅ | တေးဂီတအစီအစဉ် |
| ၁၁:၁၀ | မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း |
| ၁၁:၂၀ | တေးဂီတအစီအစဉ် |
| ၁၁:၂၅ | မိကျောင်းမုဆိုး |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

## English Premier League ဘောလုံးပွဲစဉ်များ

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆:၁၅ | ပွဲကြိုသုံးသပ်ချက်(၁) | 5-Sports |
| ၆:၃၀ | ပွဲကြိုသုံးသပ်ချက်(၂) | 5-Sports (Live) |
| ၆:၅၅ | Chelsea-Liverpool | 5-Sports(Live) |
| ၈:၂၄ | Tottenham-Fulham | 5-Series(Live) |
| ၉:၂၅ | Man Utd-Arsenal | 5-Sports(Live) |
| ၁၀:၃၀ | West Ham-Newcastle | 5-Series((SDD) |

# ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယနေ့နံနက် ၇နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းနှင့် လှိုင်မြစ်လမ်းဆုံအနီး ဘုရင့်နောင်လမ်းသို့ ရောက်ရှိပြီး ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်း၍ ဘုရင့်နောင်လမ်းအရှေ့ဘက်ခြမ်းရှိ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်များဆယ်ယူခြင်း၊ ချုံနွယ်မြက်ပင်များခုတ်ထွင် ရှင်းလင်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုအားပေးသည်။**

## တက်ရောက်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းရှိ ဆေးပညာဦးစီးဌာန ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် အောင်ဆန်းခန်းမ၌ ကျင်းပသော ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)သို့ တက်ရောက်သည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)သို့အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက ငွေကျပ် ၁၀၀၀၀၀၊ ဦးမောင်မောင် (ဂရိတ်ဝေါဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်၂၀၀၀၀၀၊ ပံသုကျောက်မျက်ကုမ္ပဏီက ငွေကျပ် ၁၂၀၀၀၀၊ ထောက်ကြန့် ပဲခူးလမ်းရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးမောင်တိုးနှင့်အဖွဲ့၊ ဟာဂျီဦးတင်ရွှေ (ဆွေမြန်မာဆောက်လုပ်ရေး)နှင့် ဦးမြင့်ဦး (ဧရာဝတီစားသောက်ကုန်)တို့က ငွေကျပ် ၁၀၀၀၀၀စီ၊ မြောက်ပိုင်းခရိုင်ပြည်ခိုင်ဖြိုးဌာနခွဲ(၃) ယာဉ်လိုင်းက ငွေကျပ် ၈၀၀၀၀၊ မြနန္ဒာယာဉ်လိုင်း၊ ရွှေပြည်သာမြို့နယ် ဇုန်(၁) စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ၊ ရွှေပြည်သာမြို့နယ် ဇုန်(၂) (၃) (၄) စက်မှုဇုန် ကြီးကြပ်ရေးကော်မတီ၊ ဦးသန်းထွန်း၊ ဦးအောင်ဝင်းနှင့် ဦးသန်းကျော်(ရတီဦး အအေးခန်းလှိုင်သာယာ)တို့က ငွေ ကျပ် ၅၀၀၀၀စီ အပါအဝင် အလှူရှင် ၅၇ဦးတို့က စုစုပေါင်းအလှူငွေကျပ် ၁၇၂၀၀၀၀ကို ပေးအပ် လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက လက်ခံကြပြီးဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။




ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်က ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**(အပေါ်ပုံ) (သတင်းစဉ်)**

# အခြေခံအားကစားဆေးပညာသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့်အားကစားဆေးဘက်ဆိုင်ရာ ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံအားကစားဆေးပညာသင်တန်း(ရန်ကုန်) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ဂနာရီက သုဝဏ္ဏရှိ အိုလံပစ်ဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ အားကစားဆေးဘက်ဆိုင်ရာကော်မတီဝင်များ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

## လက်ခံယူ

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူး ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး အားကစားဆေးဘက်ဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အလှူငွေများပေးအပ်ရာ အလှူရှင်မြန်မာ အိုလံပစ်သောက်ရေသန့်က ငွေကျပ်ငါးသောင်း၊ Uni Tecl Phama Yongom Co., Ltd. က အလှူငွေကျပ်တစ်သိန်း၊ Zifam Co., Ltd. **(အောက်ပုံ)** က အလှူငွေကျပ် တစ်သိန်းငါးသောင်းလှူဒါန်းရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးသောင်းထိုက်က လက်ခံယူသည်။ **(မြန်မာ့အလင်း)**




# ကြည့်မြင်တိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မဂ္ဂဇင်းထုတ်ဝေမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

ကြည့်မြင်တိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် ပန်းမြတ်ရွှေစင် မဂ္ဂဇင်း အမှတ်(၁)နှင့် အမှတ်(၂)ကို အောင်မြင်စွာ ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ အမှတ်(၃)ကို ပန်းမြတ်ရွှေစင်အမည်ဖြင့် ၁၃၆၈ခုနှစ် စာဆိုတော်နေ့အမီ ထုတ်ဝေနိုင်ရန် စီစဉ်လျက်ရှိသည်။

ပန်းမြတ်ရွှေစင် မဂ္ဂဇင်းကို ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုစာညွှန်း၊ ကာတွန်းများအပြင် ဓာတ်ပုံဝေဝေဆာဆာ သတင်းမှတ်တမ်းပြည့်စုံစွာဖြင့် မွမ်းမံခြယ်မှုန်းသွားမည် ဖြစ်သည်။ စာပေအနုပညာရှင်များအနေဖြင့် စာမူများကို စက်တင်ဘာ၃၀ရက် နောက်ဆုံးထားပြီး ဦးမောင်မောင်ကြည် (ချစ်နွေမိုး၊ ဥက္ကဋ္ဌ) ပန်းမြတ်ရွှေစင် မဂ္ဂဇင်းကော်မတီ၊ ဒေါ်ခင်မျိုးဝင်း(ခိုင်ဝင်းမွန်သက်) အတွင်းရေးမှူး အမှတ် ၇၀၊ အိုးဘိုလမ်း ကြည့်မြင်တိုင်၊ ဦးဝင်းမောင် (ရန်ကုန်ဝင်းမောင်) အမှုဆောင် အမှတ် ၈၃ စကားဝါပင်လမ်း ကြည့်မြင်တိုင်မြို့နယ်တို့သို့ ပေးပို့နိုင်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လှာလှာ၏ အနိုင်ဂိုးဖြင့် ပို့စ်မောက်နိုင်ပွဲဆက် ရီးဒင်းအသင်း အဝေးကွင်းနိုင်ပွဲ ခနိုင်ပြီ

**လန်ဒန် စက်တင်ဘာ ၁၆**

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)ကို စက်တင်ဘာ ၁၆ ရက် ညပိုင်းက စတင်ကစားခဲ့ရာ နိုင်ပွဲဆက်နေသော ပို့စ်မောက်အသင်း သည် ချာလ်တန်ကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ကစားပြီး အဖိုးတန်သုံးမှတ် ရယူလိုက်ပြန်ပြီဖြစ်သည်။

ပို့စ်မောက်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ကွန်ဂိုတိုက်စစ်မှူးလှာလှာက ပွဲချိန် ၇၄မိနစ်တွင် သွင်းပေးလိုက်ခြင်းဖြင့် ပို့စ်မောက်အသင်းအား ပရီမီယာလိဂ် ထိပ်ပိုင်းနေရာသို့ဆက်လက်ပို့ထားလိုက်သည်။

## အဖွင့်ဂိုးနှင့်လွဲ

ချာလ်တန် တိုက်စစ်မှူးမာကတ်စ်ဘင့်က ပွဲအစတွင် ခေါင်းတိုက်ဂိုးသွင်းယူရာ ဂိုးဘားတန်းကျော်သွား၍ ချာလ်တန်တို့ အဖွင့်ဂိုးနှင့်လွဲသွားသည်။

သို့ရာတွင် ပို့စ်မောက်နောက်တန်းကစားသမားများသည် အကောင်းဆုံးကာကွယ်ပေးနိုင်ခဲ့၍ ငါးပွဲဆက်တိုက်ရှုံးပွဲမရှိ အောင်လံလွှင့်ထူနိုင်ခဲ့သည်။

ချာလ်တန်နည်းပြ ဒိုဝီက ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်ကို အရှိန်မြှင့်ခဲ့သော်လည်း ပို့စ်မောက်နောက်တန်းကို မကျော်နိုင်ဘဲရှိသည်။

ပွဲအစတွင် ဒင်းနစ် ရွမ်မီဒက်ချ်က ပို့စ်မောက်ဂိုးရှေ့သို့ ခေါင်းတိုက်ရန် အနေတော် ဖြတ်ပို့လိုက်ရာ မာကတ်စ်ဘင့်ခေါင်းတိုက်သော်လည်း ဂိုးဘားတန်းကျော်သွားခဲ့သည်။ ဒါရင်ဘင့် သွင်းယူသောဂိုးမှာလည်း ပို့စ်မောက် ဂိုးတိုင်ဘေးမှ ပွတ်ကာသီကာ အပြင်သို့ ထွက်သွားခဲ့သည်။

ပို့စ်မောက်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်တွင် ငါးပွဲကစားရာတွင် လေးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ် ၁၃မှတ်ရကာ တန်းစီဇယား ထိပ်ဆုံး၌ ဦးဆောင်လျက်ရှိသည်။

## ရက်ဖီး-ရီးဒင်း

ပရီမီယာလိဂ် တန်းတက်အသင်း ရီးဒင်းသည် ယခုနှစ် ပရီမီယာလိဂ်ရာသီတွင် ရက်ဖီးယူနိုက်တက်အသင်းကိုနိုင်ပြီး ပထမဆုံး အဝေးကွင်းစတင်အနိုင်ရရှိခဲ့သည်။

ရီးဒင်းကစားသမား ကီဗင်ဒွိုင်လီက ပွဲစပြီး ၁၆စက္ကန့်အကြာ ရီးဒင်းအတွက် လျှပ်တစ်ပြက်တစ်ဂိုးသွင်းယူလိုက်သည်။ ယင်းဂိုးမှာ ဒွိုင်လီ၏ ရီးဒင်းအတွက် ယခုနှစ် ပရီမီယာလိဂ်ရာသီတွင် ဒုတိယမြောက်ဂိုးဖြစ်သည်။

ညှော်အသင်း ရီးဒင်းသည် ယင်းဂိုးကြောင့် ရက်ဖီးအသင်းကို ဖိကစားနိုင်ခဲ့ပြီး ၂၅မိနစ်အကြာတွင် ဆိုးလ်ကီဟေယွန်က ရီးဒင်းအတွက် ဒုတိယမြောက်ဂိုး သွင်းယူလိုက်ပြန်သည်။

ရက်ဖီးယူနိုက်တက် အသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးသွင်းနိုင်ရေးအတွက် အကြိတ်အနယ် ပြန်လည်အကွက်ဆင်ကစားရာ ပွဲချိန် ၆၁မိနစ်တွင် ရော့ဘ်ဟူလ်ဆေးက အိမ်ရှင်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ သို့ရာတွင် ရက်ဖီးတို့ ပရီမီယာလိဂ်တွင် တစ်ပွဲပင် အနိုင်ကစားနိုင်သည့် ခြေစွမ်းမရှိသေးပေ။



**ရီးဒင်းအသင်းအတွက် အနိုင်ဂိုးသွင်းပြီး အောင်ပွဲခံနေသော ဆိုးလ်ကီဟေယွန်။**

(ဓာတ်ပုံ-အင်တာနက်)

## အံ့အားသင့်

ရီးဒင်းကစားသမား အိုင်ယာလန်တိုက်စစ်မှူး ဒွိုင်လီသည် စက္ကန့်ပိုင်းအတွင်း တစ်ဂိုးသွင်းယူနိုင်လိုက်၍ ရက်ဖီးတို့အံ့အားသင့်ကုန်ကြသည်။

ရီးဒင်းအသင်းအတွက် ဒုတိယမြောက်ဂိုးသွင်းယူခဲ့သူ ကီဟေယွန်သည် တောင်ကိုရီးယားနိုင်ငံသားဖြစ်ပြီး ဝေါလ်ဗက်ခ်အသင်းမှ ပေါင်တစ်သန်းခွဲဖြင့် နွေရာသီက ရီးဒင်းသို့ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၎င်း၏ ဂိုးမှာ ရီးဒင်းအတွက် ပထမဆုံးသော ဂိုးဖြစ်သည်။

အိမ်ရှင် ရက်ဖီးအသင်းမှ လူစားဝင်လာသူဘေးလ်လီစပီးသည် နှစ်ကြိမ်တိုင် ချေပဂိုးသွင်းယူရန် အခွင့်အလမ်းရသော်လည်း ဂိုးဝင်အောင်မသွင်းနိုင်ခဲ့ပေ။

## အခြားပွဲများ

ပရီမီယာလိဂ် ပွဲစဉ်(၅)အဖြစ် ဘော်လ်တန်အသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ ယှဉ်ပြိုင်ရာတွင် ဂိုးမရှိ သရေကျခဲ့သည်။

ထို့အတူ အဲဗာတန်အသင်းနှင့် ဝီဂန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင်လည်း တစ်ဖက်နှစ်ဂိုးစီ သွင်းယူပြီး သရေကျခဲ့သည်။

**(အင်တာနက်)**

# သတင်းမြင်ကွင်း

# မြင့်မောင်စိုး



**ချာလ်တန်အသင်းမှ ရွမ်မီဒက်ချ် ထိုးဖောက် ကစားရာတွင် ပို့စ်မောက်အသင်းမှ ဒင်းနစ် ပီဒရိုမန်းဒက်စ်က ဤသို့ဟန့်တားခဲ့သည်။**

(ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာတစ်လွှား အားကစား

## ဂျာမနီဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄)ယှဉ်ပြိုင် ဝုဖ်ဘတ်ကို ဟန်နိုဗာတို့အနိုင်ယူပြီး ရှုံးကြွေးပြန်ဆပ်

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

ဘာလင် စက်တင်ဘာ ၁၆

**ဂျာမနီဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် ဝုဖ်ဘတ်နှင့် ဟန်နိုဗာအသင်းတို့ စက်တင်ဘာ ၁၅ရက်ကယှဉ်ပြိုင်ကစားရာ ဟန်နိုဗာတို့က နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**



ဟန်နိုဗာအတွက် ဂိုးသွင်းပေးခဲ့သူ တိုက်စစ်မှူး ဘာဒရစ်(ဝဲ)နှင့် ကစားဖော် ခရိုင်နိုဝိစ်တို့ ဤသို့အောင်ပွဲခံကြသည်။

### ပထမဆုံးနိုင်ပွဲ

ပြီးခဲ့သည့်နှစ်က ဝုဖ်ဘတ်အသင်းနှင့်ကစားခဲ့ရာတွင် ဟန်နိုဗာတို့ နှစ်ဂိုး–တစ်ဂိုးဖြင့်ရှုံးခဲ့သော ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့သည်။ ဟန်နိုဗာအသင်း ယခုနှစ် ဘွန်ဒက်စ်လီဂါရာသီ၌ရှုံးပွဲများသာကြုံနေရာ ယခုပွဲအနိုင်ရရှိခဲ့ခြင်းမှာ လေးပွဲကစားပြီးချိန်၌ ပထမဆုံးနိုင်ပွဲလည်းဖြစ်သည်။

### နှစ်ဂိုးဆက်တိုက်

ဟန်နိုဗာအသင်း တိုက်စစ်မှူးများဖြစ်သော ဂျီရီစတာနာနှင့် သောမတ်ဘရာဒစ်တို့က အချိန်ပြည့် ထိုးဖောက်ကစားနိုင်ခဲ့မှုကြောင့် ပွဲချိန် ၅၁ နှင့် ၆၁ မိနစ်တို့တွင် တိုက်စစ်မှူး သောမတ်ဘရာဒစ်က နှစ်ဂိုး ဆက်တိုက် သွင်းယူနိုင်ခဲ့သည်။

### အဝါကတ်

ဝုဖ်ဘတ်၏ ချေပဂိုးကို ပွဲချိန် ၅၂ မိနစ်တွင် အလယ်တန်းကစားသမား ဂျက်ကာဇီနိုဝက်က သွင်းယူပေးခဲ့သည်။ အိမ်ကွင်း၌ သရေပွဲဖြစ်ရေး အပြင်းအထန်ကြိုးစားမှုကြောင့် ဝုဖ်ဘတ်မှ ဟိုဖန်နှင့်ကာဟင်တို့ အဝါကတ်အပြခံရသည်။

ဝုဖ်ဘတ်သည် ယခုပွဲရှုံးသဖြင့် လေးပွဲကစား သုံးပွဲသရေ၊ တစ်ပွဲရှုံးဖြင့် တန်းစီဇယား၁၄နေရာတွင်ရောက်နေသလို ဟန်နိုဗာကလည်း လေးပွဲကစား တစ်ပွဲနိုင်၊ သုံးပွဲရှုံးဖြင့် တန်းစီဇယား ၁၆ နေရာ၌ရှိနေသည်။ **(အင်တာနက်)**



စပိန်မှ ဂျို့လူးရစ် ပန်းဝင်ခါနီး ဤသို့ အကြိတ်အနယ်ကြိုးစားခဲ့သည်။

## ဆွီဒင်အသင်း၌ နှစ်ပွဲမကစားလိုကြောင်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်ပြောကြား

**စတော့ဟုမ်း စက်တင်ဘာ ၁၆**

အင်တာမီလန်တိုက်စစ်မှူးနှင့် ဆွီဒင်တိုက်စစ်မှူးလည်းဖြစ်သူ အီဘရာဟီမိုဗစ်သည် ယူရို၂၀၀၈ ခြေစစ်ပွဲအဖြစ် ဆွီဒင်အသင်းအတွက် နှစ်ပွဲမကစားနိုင်ကြောင်း ငြင်းဆိုလိုက်သည်။ ဆွီဒင်အသင်းသည် လာမည့် အောက်တိုဘာ ၇ရက်၌ ယူရို၂၀၀၈ ခြေစစ်ပွဲအဖြစ် စပိန်အသင်းနှင့် ကစားရမည်ဖြစ်ပြီး နောက်တစ်ပွဲမှာ အိုင်ယာလန် အသင်းနှင့် ကစားရမည်ဖြစ်သည်။ ထိုနှစ်ပွဲတွင် ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ပါဝင်ကစားမည်မဟုတ်ကြောင်း ငြင်းဆိုထားသည်။

### စည်းကမ်းနှင့်မကိုက်ညီ

ဆွီဒင်အသင်းနည်းပြ လာစ်လာဂါဘတ်က အီဘရာဟီမိုဗစ်အနေဖြင့် မည်သည့်အတွက်ကြောင့် မကစားသည်ကို အကြောင်းပြချက်မပေးကြောင်း၊ ထိုသို့ တရားမဝင်ငြင်းပယ်မှုမှာ ဖီဖာ၏စည်းမျဉ်း၊ စည်းကမ်းနှင့် မကိုက်ညီကြောင်း ပြောကြားသည်။

သို့သော်လည်း ဆွီဒင်အသင်းမှာ ယူရို၂၀၀၈ ခြေစစ်ပွဲများကစားရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ မိမိတို့ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**



ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်။

## နိုင်ငံတကာဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ စပိန်မှဂျို့လူးရစ် အနိုင်ရဗိုလ်စွဲ

**မက်ဒရစ် စက်တင်ဘာ ၁၆**

စပိန်နိုင်ငံတွင် စက်တင်ဘာ၁၅ရက်က ကျင်းပသော နိုင်ငံတကာဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲ၌ စပိန်စက်ဘီးစီးသမား ဂျို့လူးရစ်က အနိုင်ရဗိုလ်စွဲသွားသည်။

စပိန်နိုင်ငံ ၁၉ပြည်နယ်ကို ဖြတ်သန်းစီးနင်းရသည့် မာရသွန်စက်ဘီးစီးပြိုင်ပွဲတွင် ဂျို့လူးရစ်အာရီတာက ပထမရရှိခဲ့ပြီး ဒုတိယမှာ ဆွစ်ဇာလန်နိုင်ငံမှ ဒေးဗစ်လိုစလီက ရရှိခဲ့သည်။

### ၁၄နှစ်ကြာ စောင့်ဆိုင်း

နောက်ဆုံးပန်းဝင်လာပြီးသည့်အချိန်တွင် အသက် ၃၆နှစ်အရွယ်ရှိ ဂျို့လူးရစ်က မိမိအနေဖြင့် ယခုပြိုင်ပွဲ၌ အနိုင်ရရှိရန် အချိန်ကာလများစွာ ကြိုးစားခဲ့ရကြောင်း၊ အတိအကျဆိုလျှင် ၁၄နှစ်ကြာ စောင့်ဆိုင်းခဲ့ရကြောင်း ပြောကြားသည်။

ဂျို့လူးရစ်သည် ပြည်နယ်တစ်ခုချင်းအလိုက် စက်ဘီးနင်းမှု စံချိန်တင်နိုင်ခဲ့သလို နောက်ဆုံး၌ အကောင်းဆုံး စံချိန်ဖြင့် ပန်းဝင်လာနိုင်ခဲ့သည်။

**(အင်တာနက်)**

## လက်ဆွဲနှုတ်မဆက်သည့် မော်ရင်ဟိုနှင့် ဘင်နီတက်ဇ် ဖာဂူဆန်နှင့် အာစင်ဝင်းဂါး ယနေ့ထိပ်တိုက်ဆုံကြပြီ

ရေးသားတင်ပြသူ မြင့်မောင်စိုး

လန်ဒန် စက်တင်ဘာ ၁၆

**ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ထိပ်သီးလေးသင်းတို့၏ အားပြိုင်မှုကို စက်တင်ဘာ ၁၇ရက်**(ယနေ့) **ညပိုင်းတွင် ဘောလုံးပရိသတ်များ ရှုမြင်ခံစားကြရမည်ဖြစ်သည်။**



ပရီမီယာလိဂ်ဖလား။

### ယှဉ်ပြိုင်ကစားမည်

ထိပ်သီးလေးသင်း၏ ပြိုင်ပွဲကြီးနှစ်ပွဲကို ကြည့်ရှုကြရမည်ဖြစ်သည်။ ချန်ပီယံချယ်လ်ဆီးအသင်းနှင့်လီဗာပူးအသင်းတို့သည် မြန်မာစံတော်ချိန် ည၇နာရီတွင် စတန်းဖို့ဒ်ဘရစ်ချ်၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းနှင့် အာဆင်နယ်အသင်းတို့သည် မြန်မာစံတော်ချိန် ည၉နာရီခွဲတွင် အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အပြာရောင် ချယ်လ်ဆီးအသင်းသည် ယမန်နှစ်ရာသီက လီဗာပူးအသင်းကို နှစ်ဂိုးသွင်းအနိုင်ယူခဲ့ပြီး ယခုနှစ်တွင်လည်း ထိပ်ဆုံးမှမန်ယူကို အမီလိုက်ရေး အဖိုးတန်သုံးမှတ်ရယူရန် စိတ်အားထက်သန်နေကြသည်။

### မျှော်လင့်ထား

မန်ယူတို့ကလည်း အာဆင်နယ်တို့အပေါ် ယမန်နှစ်ရလဒ် နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရထားသည်ကို တစ်ကျော့ပြန်ရရန် မျှော်လင့်ထားသည်။

### ဆုံတွေ့မှု

ချယ်လ်ဆီးနှင့်လီဗာပူးတို့ ယှဉ်ပြိုင်မှုသည် စိတ်ဝင်စားစရာပြိုင်ပွဲကြီးဖြစ်လာမည်ဖြစ်သည်။ ဂျို့စ်မော်ရင်ဟိုနှင့်ရာဖေးလ်ဘင်နီတက်ဇ်တို့သည် ယင်းတို့၏အသင်းများကို ကိုင်တွယ်စဉ် ယခုကစားမည့်အကြိမ်သည် ၁၂ကြိမ်မြောက် ဆုံတွေ့မှုဖြစ်သည်။

မကြာမီက ပြိုင်ပွဲများတွင် အဆိုပါ မန်နေဂျာနှစ်ဦးသည် ပွဲအပြီးလက်ဆွဲနှုတ်ဆက်သည့်ဓလေ့ကို ရှောင်ခဲ့ကြသည်။ လက်ဆွဲနှုတ်ဆက်ခြင်းသည် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ခံစားမှုအပေါ်မူတည်၍ နှုတ်ဆက်ခြင်းဖြစ်ကြောင်း မော်ရင်ဟိုက ဆိုသည်။

### ဆန္ဒရှိပါက

လက်ဆွဲ နှုတ်မဆက်လည်း ပြဿနာမရှိကြောင်း၊ ဆန္ဒရှိပါက လက်ဆွဲနှုတ်ဆက်ရန် အခွင့်အလမ်းတစ်ရပ်ပေးမည်ဖြစ်ကြောင်း လီဗာပူးမန်နေဂျာ ဘင်နီတက်ဇ်က ပြောကြားသည်။ **(အင်တာနက်)**

## မန်ယူပရိသတ်များ ပို၍အားပေးကြရန် မန်နေဂျာဖာဂူဆန် တောင်းဆို

**လန်ဒန် စက်တင်ဘာ ၁၆**

ပြီးခဲ့သော သီတင်းပတ်များက ပရီမီယာလိဂ်ပြိုင်ပွဲများ ကျင်းပခဲ့ရာတွင် မန်ချက်စတာယူနိုက်တက်အသင်း၏ ထောက်ခံအားပေးသည့် ပရိသတ်မှာ အိပ်ငိုက်နေကြကြောင်း ဆာအလက်ဇ်ဖာဂူဆန်က စွပ်စွဲပြောကြားလိုက်သည်။

ပရီမီယာလိဂ်ပြိုင်ပွဲများသည် ဆဲလ်တစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်နှင့်နှိုင်းစာလျှင် ပရိသတ်၏အားပေးမှုနည်းပါးနေကြောင်း ဖာဂူဆန်က ပြောကြားသည်။

ဆဲလ်တစ်လိုအသင်းသည်ပင်လျှင် ပရိသတ်၆၀၀၀ခန့်က အားပေးခဲ့ကြောင်း၊ ဘောလုံးပွဲတစ်ပွဲယှဉ်ပြိုင်ရာတွင် ပရိသတ်၏အားပေးမှုလိုအပ်ကြောင်း ၎င်းကပြောသည်။ ပြီးခဲ့သော စနေနေ့ကပြိုင်ပွဲသို့ လာရောက်သည့် မန်ယူပရိသတ်ထက်ဝက်မှာ အိပ်ငိုက်နေကြကြောင်း၊ ဖျော်ဖြေရေးတစ်ခုအဖြစ်သာ စောင့်ကြည့်နေကြကြောင်း ဖာဂူဆန်က ဆက်လက်ပြောကြားသည်။



မန်ယူအသင်းမန်နေဂျာ ဆာအလက်ဇ်ဖာဂူဆန်။

ချန်ပီယံလိဂ် အုပ်စုပြိုင်ပွဲတွင် အိုးထရက်ဖို့ဒ်၌ ဆဲလ်တစ် ပရိသတ်များ ကွင်းလုံးပြည့် အားပေးခဲ့ကြသည်။

**(အင်တာနက်)**

## ဆဲလ်တစ်ကွင်းလယ်ကစားသမား ဂရာဗီဆင် ဒိန်းမတ်လက်ရွေးစင်အဖြစ်မှ အနားယူပြီ

**ဆဲလ်တစ် စက်တင်ဘာ ၁၆**

ဆဲလ်တစ် ကွင်းလယ်ကစားသမား သောမတ်ဂရာဗီဆင်သည် ဒိန်းမတ်လက်ရွေးစင်ဘောလုံးသမားဘဝမှအနားယူပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

### ပိုမိုအာရုံစိုက်ရန်

အသက်၃၀ အရွယ်ရှိ အဆိုပါကွင်းလယ်ကစားသမားသည် ဒိန်းမတ် အသင်းအတွက် ပွဲပေါင်း၆၆ပွဲပါဝင်ကစားခဲ့သည်။ သို့ရာတွင် ၎င်းသည် မကြာမီက ရီးရဲမက်ဒရစ်မှ ဆဲလ်တစ်သို့ ပြောင်းရွှေ့လာပြီးနောက် ကလပ်အသင်းကို ပို၍အာရုံစိုက်ရန် ဆုံးဖြတ်ခဲ့သည်။

မိမိသည် ဆဲလ်တစ်သို့ ပြောင်းရွှေ့ခဲ့မှုကို နှစ်သက်သဘောကျကြောင်း၊ မိမိအသင်းသစ်အတွက် ရာနှုန်းပြည့် အာရုံစိုက် ကစားသွားမည်ဖြစ်ကြောင်း ဂရာဗီဆင်က ပြောကြားသည်။

### ပါဝင်ကစားခဲ့

၎င်းသည် ၁၉၉၈ ခုနှစ်က ချက်အသင်းနှင့်ယှဉ်ပြိုင်ကစားရာမှ စတင်၍ ဒိန်းမတ်အသင်းတွင် ပါဝင်ကစားခဲ့သည်။ ယူရို၂၀၀၀နှင့် ယူရို၂၀၀၄တို့တွင်လည်း ဒိန်းမတ်အသင်းတွင် ပါဝင်ကစားပေးခဲ့သည်။ ၎င်းသည် ဂျပန်နှင့်တောင်ကိုရီးယား၌ကျင်းပသော ကမ္ဘာ့ဖလားတွင် ဒိန်းမတ်အသင်းကို ဒုတိယဆင့်အထိတက်နိုင်ရန် ကြိုးပမ်းခဲ့သူလည်းဖြစ်သည်။ ၎င်း၏နောက်ဆုံးပြိုင်ပွဲမှာ ယခုလအစောပိုင်းက အိုက်စလန်နှင့်ကစားသည့်ပွဲဖြစ်သည်။

**(အင်တာနက်)**



ဆဲလ်တစ်ကွင်းလယ်ကစားသမား ဂရာဗီဆင်။



## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် တန်ဖိုးနည်းအာဟာရပြည့် လက်တွေ့ချက်ပြုတ်သရုပ်ပြပြိုင်

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် တန်ဖိုးနည်းအာဟာရပြည့် လက်တွေ့ချက်ပြုတ်သရုပ်ပြပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉နာရီက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အသင်းများ၏ တန်ဖိုးနည်းအာဟာရပြည့် ချက်ပြုတ်ထားသော ထမင်းနှင့်ဟင်းများကို ကြည့်ရှုအားပေးကြပြီး၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မေသစ်က ဆုများရွေးချယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရအသင်းများကို ဆုများပေးအပ်ချီးမြှင့်ပြီး **(ဝဲပုံ)** မြို့တော်ဝန်၏ဇနီးနှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင် အသင်းများကို ဆုများပေးအပ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဘုရင့်နောင်ဈေးကြီး မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုကို ဩဂုတ် ၂၈ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဈေးတာဝန်ခံ ဦးအောင်ကိုကိုတို့က ရှင်းလင်းပြသစဉ်။** (မြို့နယ် စည်ပင်)



## ကျေးရွာစာကြည့်တိုက်သို့ ရုပ်မြင်သံကြားစက်လှူဒါန်း

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၄**

မော်လမြိုင်ကျွန်းမြို့နယ် ထိယာလိ ကျေးရွာသုတစွမ်းအားကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရုပ်မြင်သံကြား ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၁၀နာရီက ထိယာလိကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။

**လက်ခံရယူ**

အခမ်းအနားတွင် ၂၁လက်မ ရောင်စုံ ရုပ်မြင်သံကြားတစ်လုံးကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်က ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးဘာဘာက လက်ခံရယူသည်။ **(ယာပုံ)**

အလားတူပင် မော်လမြိုင်ကျွန်း မြို့နယ် မြတ်သာရွာမကျေးရွာ မြတ်တံခွန် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်သို့ ၂၁လက်မ ရောင်စုံ ရုပ်မြင်သံကြားတစ်လုံး ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၇ရက်က မြတ်သာရွာမ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်ဦးစီးမှူးက ကျေးရွာဥက္ကဋ္ဌ ဦးအုန်းမြင့်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**



## လားရှိုးကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရသူများနှင့် ထူးချွန်ကြက်ခြေနီများ ဂုဏ်ပြု

လားရှိုး စက်တင်ဘာ ၈

**လားရှိုးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၆ကို စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်အသင်းရုံးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ယာယီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူး စောနေလင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအုန်းငွေက တစ်နှစ်တာဆောင်ရွက်ခဲ့မှုအစီရင်ခံစာကို တင်သွင်းသည်။

ဆက်လက်ပြီး စည်းရုံးရေး၊ စီမံရေး၊ စီးပွားရေး၊ လူမှုယဉ်ကျေး၊ ပညာရေး အစီရင်ခံစာများကို အလုပ်အမှုဆောင်များက တင်သွင်းကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

အဆိုပါအစည်းအဝေးတွင် အသင်းလုပ်ငန်းများဆောင်ရွက်ရန် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ် ၁၄၀၀၀၀ ပေးအပ်လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်တိုးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဂုဏ်ထူးရကျောင်းသား ကျောင်းသူ လေးဦး၊ ထူးချွန်ကြက်ခြေနီ၊ ထူးချွန်အရန်မီးသတ်၊ အကြိမ်အများဆုံး သွေးလှူရှင်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး မြို့ပေါ်ကျောင်းများက အသင်းဝင်အဆိုပြုလွှာများ ပေးအပ်ကြသည်။

**(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ်**
**တော်သလင်းလပြည့်ကျော် ၁၂ ရက်**
**၁၈-၉-၂၀၀၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၀:၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ်အမျိုးသား အဆိုပြိုင်ပွဲဝင်များလေ့လာရန် (ခေတ်ဟောင်းနှင့် ကာလပေါ်တေးများ)**
**(၁) အမေ့ပါးကသနပ်ခါး (တွံတေးသိန်းတန်)**
**(၂) ဆုတောင်းပတ္တနာ(ကိုညွန့်လွင်)**
**(၃) တောဓလေ့ (ညီညီလေး)**

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဇီဝစွမ်းအင်မှ လျှပ်စစ်ဓာတ်ထုတ်လုပ်ခြင်းအကြောင်း-ပထမပိုင်း)

၁၁:၄၀ သုတစုံစွာ သိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာတချို့) (သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၂:၂၅ အားကစားသတင်းပဒေသာ

၁၂:၃၅ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အဆိုပြိုင်ပွဲဝင်များလေ့လာရန် မဟာဂီတသီချင်းကြီးများ**
**(၁) သူရကန်(ပတ်ပျိုး)ကိုမင်းနောင်**
**(၂) ရွှေတညာ (ယိုးဒယား)**
**မူမူခင်**

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ပထမတန်း-သင်္ချာ) (အမြှောက်)

**ညနေပိုင်း**

၁၆:၁၀ မြတ်နိုးစရာ ကျေးလက်တေးကဗျာ
(၁) ခင်မွန်ရွာသူ (ရဲရင့်ဝေလွင်)
(၂) ရွာအလှူပွဲ (လက်ပံတန်းဝင်းမြင့်)
(၃) ရေခပ်ဆင်းချိန် (မောင်ကိုကို အဖွဲ့)

၁၆:၁၅ အနုပညာရှင်များနှင့် တွေ့ဆုံခြင်း (တေးသံရှင် ဆုရည်)

၁၇:၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ

၁၇:၄၀ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ အမျှင်(သို့မဟုတ်)အစာမျှင် (ဒေါက်တာလှကြည်)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)

၁၉:၁၅ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း(အလင်္ကာကျော်စွာဆရာကြီး ဦးဘမောင်ဆိုင်းအဖွဲ့)

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အချစ်သူ့ကြောင့်မုန်းရတယ် (လက်ပံတန်း သန်းတင်)
(၂) အလည်လာသွားတဲ့ချစ်ဧည့်သည် (ဝေနွယ်စိုး)
(၃) တမ်းတမ်းတတနေပါပြီကွယ် (ဟသ်ာတထွန်းရင်)

**မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့်အဖွဲ့တို့ စက်တင်ဘာ ၁ ရက်က စဉ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း အလှပန်းပင်စိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်စိုးစိုးယုတို့က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)



## အမြို့မြို့ အနယ်နယ် သတင်းများ

**ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့ ပန်းခြံမြေခင်းအလှပြုပြင်ခြင်းကို ဩဂုတ်၁၉ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။** (မြို့နယ် စည်ပင်)



## မြင်းခြံမြို့၌ ဝန်ထမ်းအိမ်ရာဆောက်လုပ်

**မြင်းခြံ ဩဂုတ် ၃၀**

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကံလှဦးဆောင်သော စစ်ဆေးရေးအဖွဲ့များ ဩဂုတ် ၁၉ ရက်က မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ရာ အဖွဲ့ရန်ပုံငွေဖြင့် ဆောက်လုပ်ပြီးစီးသွားသော အရာရှိ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးဦးစိုးနိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်တို့က ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(နယ်စပ်/စည်ပင်)**



**မြန်အောင်မြို့ ကျိုက္ကန်းအနောက်လမ်း ကတ္တရာထပ်ပိုးလွှာ ခင်းရန်အတွက် အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ဩဂုတ် ၂၇ ရက်က ကွင်းဆင်းတိုင်းတာမှုနှင့် လမ်းခင်းကျောက်များ စုဆောင်းမှုတို့ကို ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ် စည်ပင်)

## အောင်မင်္ဂလာလမ်း ကတ္တရာလမ်းအဆင့်တိုးမြှင့်

**ပုံပါကျင် စက်တင်ဘာ ၉**

ပုံပါကျင်မြို့တွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့ရွာများ အမြန်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရမည်ဟူသော ရည်မှန်းချက်နှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများကိုပြည်သူများစုပေါင်းလှူဒါန်းငွေဖြင့် ဩဂုတ်၂၀ ရက်က အောင်မင်္ဂလာကျောက်ချောလမ်း ပေ ၄၅၀ ကို ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် စည်ပင်)**



# နမ့်လန်မြို့ ရန်အောင်မြင်စေတီ အရံစေတီများ ပြုပြင်မွမ်းမံ

**နမ့်လန် ဩဂုတ် ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်မြို့ ပန်စင်ရပ်ကွက်ရှိ ရှေးဟောင်းရန်အောင်မြင် စေတီတော်မြတ်ကြီး**(ဝဲပုံ)**အား မြို့နယ်သံဃနာယကအဖွဲ့နှင့် နမ့်လန်မြို့လယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသတို့၏ ဩဝါဒခံယူပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးဟန်ညွန့် ဦးဆောင်သော တပ်မတော်မိသားစုများ၊ ဒေသခံ စေတနာရှင်များ ပူးပေါင်းပြုပြင်မွမ်းမံ၍ မေ ၉ ရက်က ရွှေထီးတော်တင်လှူပူဇော်နိုင်ခဲ့ပြီးဖြစ်သည်။

ယခုဆက်လက်၍ ကျန်ရှိနေသော ရှေးဟောင်းအရံစေတီတော် ၁၇ ဆူအား ပြန်လည်ပြုပြင် မွမ်းမံတည်ထားနိုင်ရေးအတွက် အကျိုးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏောဘာသ (မြို့လယ်ကျောင်းတိုက်)၏ ဦးဆောင်မှုဖြင့် စေတနာရှင်များနှင့် ဒေသခံဗုဒ္ဓဘာသာဝင်တိုင်းရင်းသားများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(က–ပ)**



**အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက် ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ဒုတိယဗိုလ်မှူးကြီး စိုးမြင့်(လေ)အား ရည်စူး၍ ရန်ကုန်မြို့ ဦးဝိစာရ အိမ်ရာ ဒဂုံ မြို့နယ် တိုက် ၄၊ အခန်း ၇ နေ ဇနီး ဒေါ်ခင်ကြွေ၊ သား ကိုသန်းထိုက်စိုး၊ သမီး မသန်းသန်းဝင်း မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းနာယက အကျိုး တော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဆင်ပေါင်ဝဲ ဒေါ်ခင်ညို(မြရိုမွန်)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)



**ပဲခူးတိုင်း(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးအောင်မင်းနိုင် ခေါင်းဆောင်သောအဖွဲ့ ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာ လှပရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကိုဩဂုတ် ၂၅ ရက်က ကွင်းဆင်း စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်တို့က ရတနာရွှေပြည်လမ်းနှင့် ရေအားလျှပ်စစ်သွားလမ်းဆုံရှိ တြိဂံပန်းခြံအတွင်း မြေယာရှုခင်းအလှဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် ပြန်/ဆက်)

# ကလော၌လမ်းခင်းရန် ကျောက်များစုဆောင်း

**ကလော စက်တင်ဘာ ၆**

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော နန်းအွန်ရွာသွားလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ကျောက်များစုဆောင်းထားရှိမှု အခြေအနေကို ဩဂုတ် ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေထက်ရှိန် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**



## မြို့နယ်သတင်းများ

**တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြိတ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ ပူးပေါင်း၍ ဩဂုတ် ၂၉ရက်က လမ်းဘေးတစ်လျှောက် ခြံစည်းရိုးကြက်ဆူပင် ၄၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။** (တိုင်းစည်ပင်)

# မိတ္ထီလာနတ်နန်းရေကန် ပြန်လည်ပြုပြင် စက်တင်ဘာလကုန် အပြီးဆောင်ရွက်မည်

မိတ္ထီလာ စက်တင်ဘာ ၅

**မိတ္ထီလာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်သည် ခရိုင်စိုက်ပျိုးရေးနှင့် ကြီးကြပ်မှုအဖွဲ့ဝင်များ လိုက်ပါလျက် ဩဂုတ် ၃၀ ရက်က ဝမ်းတွင်းမြို့နယ် စိုက်ပျိုးရေးနှင့်ကြီးကြပ်ရေးအဖွဲ့နှင့်အတူ ဝမ်းတွင်းမြို့နယ်အတွင်းရှိ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပြုပြင်မြှင့်တင်ဆဲ နတ်နန်းရေကန်လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးသည်။**

အဆိုပါကန်နှင့် ပတ်သက်၍ ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဉာဏ်ကြည်က ရှင်းလင်းရာတွင် အဆိုပါကန်အား သုံးပေခန့်ပေါင်မြှင့်တင် ပြုပြင်သွားမည်ဖြစ်၍ ဧကပေ ၁၅၀ မှ ဧကပေ ၄၂၀ အထိ တိုးမြှင့်သိုလှောင်ပေးနိုင်မည်ဖြစ်၍ ရေဖူလုံစွာရရှိမည့်အပြင် ဒေသတွင်း စိမ်းလန်းစိုပြည်ရေးအတွက် အရန်ရေအဖြစ် သိုလှောင် သိမ်းဆည်းပေးနိုင်မည်ဖြစ်သည်။

**အပြီးဆောင်ရွက်မည်**

ရေကန်အား အလျားပေ ၆၅၀၀ ရှိ တာပေါင်ကို မြေကြီးကျင်း ၁၄၅၀၀ ဖို့ပေးရမည်ဖြစ်ရာ အလျားပေ ၂၈၀၀၊ မြေကြီးကျင်း ၃၀၀၀ ခန့် မြေဖို့မြှင့်တင်ဆောင်ရွက်၍ ယခုနှစ်စက်တင်ဘာလကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။

**အထွက်နှုန်း**

ထို့နောက် တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းကာ ရေတော်မိုးတော်ချင့်ချိန်၍ ရေကို သုံးစွဲတတ်ကြရန်၊ စိုက်ပျိုးနေသည့် မိုးစပါးအား ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးဖျန်းခြင်းစသည့် သွင်းအားစုများကို အပြည့်အဝသုံးစွဲကြရန်နှင့် ကန်တည်ဆောက်ပြီးပါက ပန်းတိုင်အထွက်နှုန်း တစ်ဧက တင်း ၁၀၀ ကျော်ရရှိရေး ရှင်းလင်းဆွေးနွေးကြသည်။

**(ခရိုင် ပြန်/ဆက်)**



**စက်တင်ဘာ ၁၀ ရက်က ဖျာပုံမြို့ ၁၃ လမ်းရှိ အပြောင်ဈေးတွင် ဒုတိယဦးစီးမှူး (ဈေး) ဒေါ်တင်မြိုင်၊ ဒုတိယဦးစီးမှူး(စည်းကမ်း) ဦးကျော်ဌေးနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ပူးပေါင်း၍ ပျံကျဈေးသည်များ အလေးချိန်ခွင်မှန်ကန်စေရေး ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (၁၅၈)

# မြို့လှ ကိုယ့်အားကိုယ်ကိုးတိုက်နယ်ဆေးရုံသို့ အလှူငွေပေးအပ်

**ရေတာရှည် စက်တင်ဘာ ၈**

ရေတာရှည်မြို့နယ် မြို့လှမြို့တွင် တည်ဆောက်လျက်ရှိသော ကိုယ့်အားကိုယ်ကိုး တိုက်နယ်ဆေးရုံအတွက် အလှူငွေကျပ် ၁၂ သိန်း ပေးအပ်လှူဒါန်းပွဲကို ဩဂုတ်၂၇ရက် နံနက်က အဆိုပါ တိုက်နယ်ဆေးရုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုက်နယ်ဆေးရုံ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတနာအလှူရှင်မိသားစုများ၊ ရပ်မိ ရပ်ဖများ တက်ရောက်ကြသည်။

**ပေးအပ်**

အခမ်းအနားတွင် မြို့လှမြို့နေ ဦးကံမြ၊ ဒေါ်စိန်လှတို့အားရည်စူး၍ ရန်ကုန်မြို့နေ စာရေးဆရာ ဦးရဲမြလွင်နှင့် ညီဖြစ်သူ ဦးအောင်နိုင် (ရေတာရှည်) မိသားစုများက အလှူငွေကျပ် ၁၂ သိန်း ကို ဆေးရုံဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမောင်သို့ ပေးအပ်လှူဒါန်းကြသည်။ **(ဝဲပုံ)**

**လှူဒါန်းနိုင်**

မြို့လှမြို့ တိုက်နယ်ဆေးရုံအတွက် အလှူငွေပေးအပ်လှူဒါန်းလိုသူများသည် ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးအောင်ကြည်တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က–ပ)**



**ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် ဝန်ထမ်းများ ဩဂုတ် ၁၆ ရက်က မြို့မဈေးကြီးအတွင်း ပြည်သူများ ကျန်းမာသန့်ရှင်းစေရန်အတွက် အဖွဲ့ပိုင် ခြင်ဆေးဖျန်းကိရိယာဖြင့် ခြင်ဆေးဖျန်းပေးစဉ်။** (မြို့နယ်စည်ပင်)



# ညောင်ရွှေမြို့နယ်စည်ပင် ကွန်ကရစ်တံတားအဆင့်မြှင့်

**ညောင်ရွှေ စက်တင်ဘာ ၁၀**

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်းလမ်းနှင့် တံတားများပြုပြင်ခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ညောင်ရွှေမြို့ မင်္ဂလာရပ်ကွက်ကျောင်းတော်အနောက်လမ်းနှင့် အောင်မင်္ဂလာလမ်းထောင့်ရှိ သစ်သားတံတားကို ကွန်ကရစ်တံတားသို့ အဆင့်မြှင့် ပြောင်းလဲဆောင်ရွက်ရာတွင် တံတားကြမ်းခင်း ကွန်ကရစ်လောင်းနေခြင်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးရန် စက်တင်ဘာ ၁ ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုးတို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(နယ်စပ်/စည်ပင်)**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို Itera Oil and Gas Company ၏ Director of Department for International Projects နှင့် Sun Group ၏ ကိုယ်စားလှယ်ဖြစ်သူ Mr. Andrey Lepikhin ထံ ပေးအပ်စဉ်။

(သတင်းစဉ်)



# အရည်အသွေးကောင်းမွန်သော ဘိလပ်မြေများထုတ်လုပ်နိုင်ရေးကြိုးပမ်း တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး တီကျစ်ဘိလပ်မြေစက်ရုံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက နောင်တရားမြို့နယ် တီကျစ်ကျေးရွာရှိ တီကျစ်ဘိလပ်မြေစက်ရုံသို့ သွားရောက်၍ ရှင်းလင်းဆောင်၌ နမူနာပြသထားသော ဘိလပ်မြေထုတ်လုပ်မည့် ကုန်ကြမ်းနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၃* ✡

# နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၆**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏လုပ်ရပ်နှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် ၎င်းတို့၏မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၆ ခုနှစ် မေ၊ ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေ၌ အက်စ်အက်စ်အေ(ရှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားသစ် နွံ့ရှုံန်သည် လည်းကောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ✳

# ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၁၆**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ JSC Zarubezhneft Itera Oil and Gas Company နှင့် အိန္ဒိယသမ္မတနိုင်ငံ Sun Group တို့သည် မုတ္တမကမ်းလွန်ဒေသ လုပ်ကွက် အမှတ်(M-8) ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract)ကို ယမန်နေ့တွင် နေပြည်တော်ရှိ ရွှေ့ပြောင်းရယ်ကုမုဒြာဟိုတယ် အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## နေပြည်တော် မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (စက်တင်ဘာ ၁၇ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

## အင်တာနက်အထူးသတင်း

# အတ္တလန်တစ် ယာဉ်မှူးနှစ်ဦး တတိယအကြိမ် အာကာသအတွင်းလမ်းလျှောက်

**ဟူစတန် စက်တင်ဘာ ၁၆**

အတ္တလန်တစ် အာကာလွန်းပြန်ယာဉ်မှ အမေရိကန် အာကာသယာဉ်မှူးနှစ်ဦးတို့သည် နိုင်ငံတကာအာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်) အပြင်ဘက်တွင် ၆ နာရီ ၄၂ မိနစ်ကြာ တတိယအကြိမ်နှင့် အပြီးသတ်အဖြစ် အာကာသအတွင်း လမ်းလျှောက်ခဲ့ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၃* ●





ရှမ်းပြည်နယ် (မြောက်ပိုင်း) ၂၀၀၅–၂၀၀၆ ခုနှစ် ဆင်းရွှေလီ စပါးအထွက်တိုးပြိုင်ပွဲ ပထမဆုရရှိသွားသော နမ့်ခမ်းမြို့နယ်မှ လယ်သမားကြီး ဦးစိုင်းအိုက်အေး၏ စံကွက်ကို ကောက်ရိတ်စက်ဖြင့် ရိတ်သိမ်းခဲ့စဉ်။ (ဓာတ်ပုံ–သောင်းဝင်းဗိုလ်)

# ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခွင် ဒေသဝမ်းစာဖူလုံပိုလျှံ စပါးစိုက်တောင်သူလယ်သမားများအကျိုးဖြစ်ထွန်း ဆင်းရွှေလီအထွက်တိုးစပါးမျိုးများ တိုးချဲ့စိုက်ပျိုး

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ–သောင်းဝင်းဗိုလ်**

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်၏။ စိုက်ပျိုးရေးလုပ်ငန်းတွင် စပါးစိုက်ပျိုးထုတ်လုပ်မှုကို အထူးဦးစားပေး ဆောင်ရွက်နေခြင်းသည် ဒေသဝမ်းစာစပါး ဖူလုံစေရေးအတွက်ဖြစ်သည်။ ယခုအခါ ဆင်းရွှေလီအထွက်တိုးစပါးကို စိုက်ပျိုးခြင်းကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခွင်တွင် ဒေသဝမ်းစာ ဖူလုံရုံမျှမက ပိုလျှံမှုရလဒ်ကောင်းများကိုပါ ဒေသခံ တောင်သူလယ်သမားများ ခံစားနေကြရပြီဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ■